CBCM

Catholic Bishops' Conference of Myanmar

292(A), Pyay Road, Sanchaung, Yangon

ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်

လူထုဆက်သွယ်ရေးရုံး



# CBCM Herald

အတွဲ(၁)၊ အမှတ်(၈)

(၃၁)ရက်၊ မတ် လ၊ ၂၀၁၆ ခုနှစ်

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၈၀၈



**ကန့်သတ်** ထုတ်ဝေသည်။

ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ လူထုဆက်သွယ်ရေးရုံး-

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။

(မာကု ၁၆း၁၅)

CBCM-Herald



# မာသာရ်ထရေးဇာအား ရဟန္တာတင်မြှောက်မည်

**Vatican**

ဂရုဏာရှင်အမျိုးသမီးဟု ကမ္ဘာ့သိဖြစ်သော ကာလကတ္တားမြို့မှ မာသာရ်ထရေးဇာကို ၂၀၁၆ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့ တွင် ရဟန္တာအဖြစ်တင်မြှောက်မည်ဖြစ်ကြောင်းပုပ်ဖရန်စစ်အရှင်သူမြတ်က အတည်ပြုလက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်ပါသည်။

ဗာတီကန်ရှိရဟန္တာတင်မြှောက်ရေးဆိုင်ရာစုံစမ်းစီစစ်ရေးအဖွဲ့နှင့်ကာဒီနယ် ရဟန်းအမတ်များက မာသာရ်ထရေးဇာအား ရဟန္တာတင်မြှောက်မည့်သက်သေကဏ္ဍအဆင့်ဆင့်စီစစ်ရေးကို အဆုံးသတ်ပြီး အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။၂၀၀၃ခုနှစ် အောက်တိုဘာလ ၁၉ ရက်တွင် ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန်ပေါလူး (ရဟန္တာဂျွန်ပေါလ်)က အိန္ဒိယအမျိုးသမီးကြီးတစ်ဦး၏ ဂမ်းဗိုက်ပိုင်း အကြိတ်ဝေဒနာပျောက်ကင်းခဲ့ခြင်းကို အသိအမှတ်ပြုကာ မာသာရ်ထရေးဇာအား သူတော်မြတ်အဆင့်သို့တင်မြှောက်ခဲ့ကြောင်း၊ ဘရာဇီးအမျိုးသားတစ်ဦး၏ ဦးနှောက်အတွင်း ခံစားနေရသော ပြည်တည်နာ များစွာအတွက် ကုသခြင်းရရှိရန် တောင်းခံခဲ့ရာတွင် အံ့ဖွယ်ရာ ဖြစ်ပွား ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၅ခုနှစ် ဒီဇင်ဘာလ၁၇ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က ထိုအံ့ဖွယ်ရာများကို အသိအမှတ်ပြုခဲ့ကြောင်း၊ ရဟန္တာတင်မြှောက်ခြင်းအတွက် စုံစမ်းစီစစ်ရေးအဖွဲ့သည် မာသာရ် ထရေးဇာနှင့်အတူ အခြားရဟန္တာလေးပါး တို့ကိုလည်း အတည်ပြုကြောင်းကြေငြာခဲ့သည်။ အသင်းဂိုဏ်းကို တည်ထောင်သူ ပိုလန် နိုင်ငံသားသူတော်မြတ်စတဲန်နစ်စ်လော့တို့အား ဇွန်လ ၄ ရက်နေ့တွင် ရဟန္တာအဖြစ်တင်မြှောက်မည်ဖြစ်ကာ၊ မက္ကဆီကိုလူမျိုး ၁၄ နှစ် အရွယ် လူငယ်လေးတစ်ဦးဖြစ်ပြီး ၁၉၂၈ ခုနှစ် ခရစ္စတယ်ရီ စစ်ပွဲတွင် သူ၏ယုံကြည်ခြင်းအတွက် အသတ်ခံခဲ့ရသည့် သူတော်မြတ် Jose Sanchez del Rio နှင့်အာဂျင်တီး ဘုန်းတော်ကြီး သူတော်မြတ် Jose Gabriel del Rosario တို့ အား အောက်တိုဘာလ ၁၆ ရက်နေ့တွင်၊ ရဟန္တာအဖြစ်တင်မြှောက်မည်ဖြစ်ပါကြောင်း ဇင်းနစ် Zenit သတင်းအရ သိရှိရပါသည်။ **(RVA မြန်မာ)**

# ပိုလန်နိုင်ငံခရီးစဉ်အသေးစိတ်အတွက် ပုပ်ဖရန်စစ်ပြင်ဆင်ခြင်း

**Vatican**

၂၀၁၆ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ် မည်ဖြစ်သော ကမ္ဘာ့လူငယ်များနေ့ အတွက် သမိုင်းဝင်မည့်နေ့ရက် တစ်ရက် အဖြစ် ပုပ်ဖရန်စစ် အရှင်သူမြတ်ကြွရောက်မည့်ခရီးစဉ်ကို ပိုလန်နိုင်ငံသားများက ရက်ချိုး ရေတွက်လျှက်စောင့်မျှော် နေကြပါသည်။

အရှင်သူမြတ်၏ သုံးထိန်းခရီးစဉ်နှင့်ပတ်သက်၍အသေးစိတ်ကို ပိုလန်နိုင်ငံ၊ ခရက်ကောင်းမြို့မှ ဂိုဏ်းချုပ်ဆရာတော်ကြီး Cardinal Stanislaw Dziwiszက ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း၊ ကြီးမြတ်သော ရဟန္တာဒုတိယမြောက်ယောဟန်ပေါလူး၏ မွေးရပ်မြေသို့ အရှင်သူမြတ်က တဖန်ကြွရောက်မည် ဖြစ်ပါသည်။ခရက်ကောင်းရှိ Czestochowa ကဲ့သို့သော နေရာများသို့ အရှင်သူမြတ် အလည် အပတ် ကြွရောက်လိမ့်မည်ဖြစ်သည်ဟုလည်း Cardinal Stanislaw Dziwisz က ဆိုပါသည်။

ပိုလန်နိုင်ငံသို့ ခရစ်ယာန်ယုံကြည်ခြင်းရောက်ရှိသည့် ၁၀၅၀ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားအတွက်ကိုလည်း အရှင်သူမြတ်က မစ္ဆားတရားတော်မြတ်ပူဇော်ကျင်းပမည် ဖြစ်ကြောင်း၊ သူ၏နောင်တော်ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်နှင့်ပုပ်ဘဲနဒစ်တို့ကဲ့သို့ ပုပ်ဖရန်စစ်အရှင်သူမြတ်သည် Auschwitz ရှိ အရင်က နာဇီအကျဉ်းစခန်း သို့လည်း ကြွရောက်လည်ပတ်ကာ မင်္ဂလာသတင်း စကားမြွက် ကြားမည်ဖြစ်ပါသည်။

ပိုလန်နိုင်ငံသို့ ပုပ်ဖရန်စစ် ကြွရောက်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အရေးကြီးသည့်ကမ္ဘာ့လူငယ်များနေ့ ကျင်းပရန်ဖြစ်ကြောင်း၊ ပိုလန်နိုင်ငံ ကမ္ဘာ့လူငယ်များနေ့မစ္ဆား တရားတော်မြတ်တွင်၊ ကမ္ဘာတဝှမ်းမှလူငယ် တစ်သန်းလောက်ပါ၀င်တက်ရောက်ကြမည်ဟု ခန့်မှန်းရကြောင်းနှင့် အထက်ပါ မစ္ဆားတရားတော်မြတ်အပြီးတွင် နောက်တစ်ကြိမ် ကမ္ဘာ့လူငယ်များနေ့ ကျင်းပ ပြုလုပ်မည့် အိမ်ရှင်နိုင်ငံကို အရှင်သူမြတ်ပုပ်ဖရန်စစ်က ကြေငြာပေးမည်ဟု Rome Report သတင်းအရသိရှိရပါသည်။

**(RVA မြန်မာ)**

## (၅၀)ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့။

## မေလ(၈)ရက်နေ့၂၀၁၆ ခုနှစ်

## Communication and Mercy: A Fruitful Encounter.

## ဆက်သွယ်ခြင်းနှင့် သနားကရုဏာ၊ ကောင်းမွန်၍အသီးအပွင့်ဖြစ်စေသောတွေ့ဆုံခြင်း





# ကမ္ဘာတဝှမ်းနှင့်ဆိုင်သော ဆရာများဆုကို ပုပ်ဖရန်စစ် ကြေငြာခြင်းသတင်း

Vatican




Varkey Foundation မှ ချီးမြှင့်သော ကမ္ဘာတစ်ဝှမ်းနှင့်ဆိုင်သည့် ဆရာများဆု ဒေါ်လာတစ်သန်းဆုကို ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်က တနင်္ဂနွေတွင် ဗီဒီယိုမှ တဆင့် ကြေငြာခဲ့ပါသည်။ အရှင်သူမြတ်၏ကြေငြာချက်ကို ဗာတီကန်တွင် ကြိုတင်၍ အသံသွင်း ရိုက်ကူးထားခဲ့ပြီး ဒူဘိုင်းတွင် ကျင်းပသော ဆုချီးမြှင့်ပွဲ အခမ်းအနား တွင် ဗီဒီယိုဖြင့် ပြသကာ ကြေငြာခဲ့ခြင်းဖြစ်ပါသည်။

ယင်းကြေငြာချက်တွင် အရှင်သူမြတ်က ဆရာ Hanan Al Hroub ၏ ကလေးများအတွက် အရေးကြီးသည့် ပညာရေးတွင် သူမ အနေနှင့် ရပ်တည်ပေးဆပ်ခဲ့မှုအတွက် ဂုဏ်ယူကြောင်း ကြေငြာခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းနှင့်ဆိုင်သော ဆရာများဆုကို ရရှိသွားခဲ့သူမှာ Ramallah အပြင်ဘက် al-Bireh မြို့မှ မူလတန်းပြ ဆရာမတစ်ဦးဖြစ်ကြောင်း၊ သူမသည် ခိုလှုံရာရာဒုက္ခသည်စခန်းတွင် ကြီးပြင်းလာခဲ့သူဖြစ်ကာ ဒုက္ခသည်ကလေးငယ်များကိုပညာသင်ကြားပေးသူတစ်ဦးဖြစ်ပါသည်။ “A child has the right to play,” ကလေးများသည် ကစားရန်အခွင့်အရေးရှိရမည်ဟု အရှင်သူမြတ်ကဆိုကာ ပညာရေး၏ တစ်စိတ်တစ်ဒေသသည်ကလေးများ မည်သို့ကစားရမည်ကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဘဝ၏ ပျော်ရွှင်ဖွယ်ရာများနှင့်အတူအများနှင့် မည်သို့ပေါင်းသင်းဆက်ဆံ ကြရမည်ကို ကျွန်ုပ်တို့သည် ကစားခြင်းမှသင်ယူနိုင်ကြောင်း၊ သူမ၏အမည်ကို ပုပ်ရဟန်းမင်းကြီး၏နှုတ်တော်မှ ကြားရသည့်အတွက် သူမသည်အလွန်ဝမ်းသာဝမ်းမြောက်ဖြစ်ရသည်ဟု ဆုပေးသည့် အဖွဲ့အား ဆရာမ Al-Hroubက ပညာသင်ကြားရေးကို အားပေးသည့် အနေဖြင့်ကလေးများ၏ ပညာရေးအတွက်ပညာသင်ဆုငွေအဖြစ် သူမရရှိသည့် ဒေါ်လာတစ်သန်းကို ရံပုံငွေထားရှိသွားမည်ဖြစ်သည်ဟုဆိုပါသည်။

အရှင်သူမြတ်၏ ဗီဒီယိုသတင်းစကားတွင်လည်းပါရှိသည့် အကြမ်းမဖက်ခြင်းနှင့်ဆွေးနွေးဖလှယ်ခြင်းတို့ကိုသူမအနေနှင့်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သူမ၏ ရင်တွင်း စကားပြောကြားရာတွင် ကတိပေးခဲ့ကြောင်း၊ စစ်ပွဲများကြောင့်ဖြစ်စေ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ပညာသင်ကြားရေးကို ထိခိုက်စေသည့် လူ့အဖွဲ့အစည်းသည် ယိုယွင်းပျက်စီးသည့်အဖွဲ့အစည်း ဖြစ်သည်။ ထို့ကြောင့် ဆရာများ၏မြင့်မြတ်သော အသက်မွေးဝမ်းကြောင်း လုပ်ငန်းကို ကျွန်ုပ်သည် မီးမောင်းထိုးပြလိုခြင်းဖြစ်သည် ဟု ပုပ်ဖရန်စစ်အရှင်သူမြတ်က သူ၏ဗီဒီယိုသတင်းစကားတွင်မိန့် ကြားကာ ဆရာမလေး Al-Hroub အတွက် ကမ္ဘာတစ်ဝှမ်းနှင့်ဆိုင်သော ဆရာများဆုကိုကြေငြာပေးခဲ့ပါကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ **(RVA-မြန်မာ)**

# မြန်မာနိုင်ငံတော်တည်ဆောက်ရာတွင် အသင်းတော်၏ ပါဝင်မှုအခန်းကဏ္ဍ ညီလာခံကျင်းပ

မြန်မာနိုင်ငံ၏ခေတ်သစ်ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသော ကာလတွင် ကက်သလစ်သာသနာတော်မှ ထိုက်သင့်သောပြင်ဆင်မှုများဖြင့်နိုင်ငံတိုးတက်ရန်အတွက်ပံ့ပိုးမှုများကို ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှကြီးမှူး၍ မတ်လ၊ ၁၀-၁၂၊ ၂၀၁၆နေ့ အထိ ကျင်းပခဲ့ပါသည်။ ‘The Role of the Church in Nation Building’ **နိုင်ငံတော်တည်ဆောက်ရာတွင်သာသနာတော်၏ ပါဝင်မှုအခန်းကဏ္ဍ** ကို(၃)ရက်တာအတွင်းနိုင်ငံရေး၊ ပညာရေး၊ လူမှုရေး၊ တိုင်းရင်းသား လူမျိုးစုများအရေး၊ ဘာသာပေါင်းစုံရှုထောင့်များမှ နိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးသောအချက်များကို ဆွေးနွေးခဲ့ကြသည်။ ကာဒီနယ်ချားလ်စ်ဘိုနှင့် ဆရာတော်ကြီးများ(၉)ပါး၊ သူတော်စင်ဂိုဏ်းများမှ ကိုယ်စားလှယ်များနှင့် ဘာသာရေးအမှုဆောင် ကိုယ်စား လှယ်များ(၈၀) ခန့်ပါဝင်ကြသည်။

နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆရာတော် Felix Lian Khen Thang က အဖွင့်အမှာ စကားပြောကြားကာ ညီလာခံ၏အဓိကသော့ချက်ဖြစ်သော ရည်ရွယ်ချက်များကို ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက မြွက်ကြားခဲ့ပါသည်။

နံနက်နှင့်နေ့ခင်းပိုင်းများတွင် လက်ရှိမြန်မာနိုင်ငံတွင်ကြုံတွေ့နေရသော အခက်အခဲများကို ကဏ္ဍအလိုက်နားဆင်ကြရပြီး ညနေပိုင်းဆွေးနွေးမှုများတွင် တစ်နေ့တာ နားဆင်လိုက်ရသည့် အကြောင်းအရာများထဲမှ လက်တွေ့ကျသော စီမံကိန်းများ တွေးခေါ်ရေးဆွဲရန် အဖွဲ့လိုက်ဆွေးနွေးကြသည်။ သုံးရက်တာတွင်မြန်မာနိုင်ငံကက်သလစ်သာသနာမှ နိုင်ငံ၏ဖွံ့ဖြိုးမှုအတွက် မြန်ဆန်ထိရောက်သော စီမံကိန်းများကို အကြံပေးဆွေးနွေးကြကာ ထိုစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် တာဝန်ယူနိုင်မည့်အဖွဲ့အစည်းများကို သတ်မှတ်ခြင်းများ ဆွေးနွေးခဲ့ကြသည်။

ညီလာခံတွင်တင်ပြဆွေးနွေးသောအချက်များကို အတိုချုပ်၍ ဖော်ပြထားပါသည်။





# မြန်မာနိုင်ငံတော်တည်ဆောက်ရာတွင် အသင်းတော်၏ ပါဝင်မှုအခန်းကဏ္ဍ ညီလာခံကျင်းပ

CBCM

တိုင်းပြည်တည်ဆောက်ရေး၌ပါဝင်ရမည့်အသင်းတော်၏ ကဏ္ဍအသီးသီးဆွေးနွေးပွဲကြီးမှာ တက်ရောက်လာကြသည့် လေးစားရသောရဟန်း အမတ်ကာဒီနယ်ချားလ်စ်နှင့် ဂိုဏ်းချုပ်ဆရာတော်ကြီးများ ကိုယ်စားလှယ် ရဟန်းများ၊ သူတော်စင်ဂိုဏ်းအကြီးအကဲများ၊ ကက်သလစ် ဥပဒေဝန်ထမ်းများ၊ ကက်သလစ်အမျိုးသမီးကိုယ်စားလှယ်များ၊ ကက်သလစ်စီးပွားရေး အဖွဲ့ဝင်များ၊ အထူးဧည့်သည်တော် များအားလုံးကို မင်္ဂလာပါလို့ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ကိုယ်စား လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း ပထမအနေနဲ့ပြော ကြားပါရစေ။

ဒီလိုဆွေးနွေးပွဲကြီးမျိုးဖြစ်မြောက်အောင် ခွင့်ပြုပေးတော်မူသည့် အဘဘုရားသခင်ကိုကျေးဇူးတင်ရင်း ဦးဆောင်လမ်းညွှန်ဖြစ်သည့် ကာဒီနယ်ကြီးကိုလည်းကျေးဇူးတင်ပါရစေ။

ဆွေးနွေးပွဲရဲ့အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံတော်တည်ဆောက်ရေးမှာ လူတိုင်း ကိုယ့်အသိတရားနဲ့အမှန်တကယ် ပါဝင်ဖို့ ဖြစ်ပါတယ်။ အသင်းတော်လည်းနိုးနိုးကြားကြား တက်တက်ကြွကြွ ပါဝင်ရန်၊ လက်ရှိနိုင်ငံရေး၊စီးပွားရေး၊ ပညာရေးနှင့် လူမှုရေး အခြေအနေများကို အရင်ဦးဆုံးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကာဒီနယ်ကြီးအနေနဲ့ လမ်းဆုံမှာရောက်နေတဲ့ နိုင်ငံတော်ကြီးရဲ့ အခြေအနေ အခက်အခဲတွေနှင့် အခွင့်အလမ်းများကို ပြောပြပေးမည်။ ဖွံ့ဖြိုးရေးသည် ကာယပြင်ပမြင်ရသည့် အရာများသာမက စိတ်ပိုင်း စာရိတ္တပိုင်းဆိုင်ရာ ဝိညာဉ်ရေးပါဝင်သည့်အကြောင်း ဆရာတော် Raymond Sumlut Gam မှတင်ပြပါမည်။

ငြိမ်းချမ်းခြင်း ခေါင်းစဉ်အောကတွင် လူသားအချင်းချင်း ငြိမ်းချမ်းရေးသာမက ဖန်ဆင်းခံ တစ်ကမ္ဘာလုံးအတွက် ထည့်သွင်းစဉ်းစားရပါမည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်လာမည်။ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် မိသားစုအသင်းတော်က အခြေခံဖြစ်သောကြောင့် အမျိုးသမီးများ၏ ပါဝင်မှုကဏ္ဍ အထူးအရေးကြီးပါသည်။ ဘာသာပေါင်းစုံအတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန် အပြန်အလှန်နီးနော ဖလှယ်ရပါမည်။ ယုံကြည်ကိုးကွယ်မှုအဖွဲ့အစည်းများ၏ အပြင်ဖက်မှာ ရှိနေသူ မှန်သမျှ ရန်သူဟု သတ်မှတ်လျှင် ငြိမ်းချမ်းရေးလမ်းစရှာ၍ ရမည်မဟုတ်ပါ။ အခြားဘာသာ ကြီးများ၏ ငြိမ်းချမ်းရေးအမြင်ကို ကြားသိရမည်ဖြစ်ပါသည်။

ထို့ကြောင့် အားတက်သရော ဆွေးနွေးပါဝင်ကြရန်၊ ကျွန်ုပ်တို့၏ ဆွေးနွေးချက်များကို ကမ္ဘာ့အမြင်နှင့် တွေးကာ မြန်မာ့အသွင် ဖြင့် ဆွေးနွေးရမှာဖြစ်ပါသည်။ ယခုမျက်မှောက်ကာလ အခြေအနေမှာ ကျွန်ုပ်တို့ အမှန်တကယ် လုပ်နိုင်မည့်အရာများ၊ လက်တွေ့အကောင်အထည်ဖော်မည့်အရာများကို ဆွေးနွေးတင်ပြသွားကြပါစို့။

ဆရာတော်ရဲ့ ကိုယ်တိုင်ခံစားချက်က "ဂျေရုဆလင်မြို့ အုတ်တံတိုင်းကြီးကို ပြန်လည်ပြုပြင်ကာ ပရောဖက်နာဟန်ရဲ့ ကြွေကြော်ချက်ကို အထူးသတိရမိတယ်။ ဒီနေရာမှာ ကျွန်ုပ်တို့သိတဲ့အတိုင်း ဂျေရုဆလင်မြို့ ကြီးကသူတို့ရဲ့နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးမှာ ပျက်ပြားနေလို့ မြို့တော်ကြီးကပြာကျသွားတဲ့ အချိန်မှာ ပရောဖက်နာဟန်က ထာဝရဘုရားဘက်ကနေ မားမားမတ်မတ်ရပ်တည်ပြီးဂျူးလူ မျိုးများအကျင့်ပြောင်းလဲချိန်တန်ပြီဖြစ်ကြောင်း၊အဲ့လိုမှမဟုတ်ရင်ပတ်ဝန်းကျင်



မှာရှိတဲ့ အခြားလူမျိုးတွေရဲ့ကဲ့ရဲ့ ရှုတ်ချအနိုင်ယူခြင်းကိုခံရမည်ဖြစ်ကြောင်း ဂျူးလူမျိုးတို့ကို ရဲရဲဝံ့ဝံ့နှိုးဆော်ဟောပြော သတိပေးခဲ့ပါသည်။

ဒါကြောင့် ရောက်နေကြသည့် ဆရာတော်ကြီးများ ဘုန်းတော်ကြီးများ၊ စစ္စတာရ်များ၊ ကဏ္ဍအသီးသီးမှ ပါဝင်ကြသူများ အားလုံးကောင်းကောင်းမွန်မွန် နိုင်ငံတော်ရဲ့အခြေအနေကိုတွေးတောကြပါစို့၊ လေးလေးနက်နက်စဉ်းစားကြပါစို့။ ဘုရားသခင်၏ ကောင်းချီးတော်ကြောင့် ကျွန်တော်တို့၏ တိုင်းပြည်သည် ယဉ်ကျေးမှု ဓမ္မအမွေအနှစ်များ၊ မြေပေါ်မြေအောက် သယံဇာတများ အလွန် ကြွယ်ဝချမ်းသာသည့်နိုင်ငံဖြစ်သည်။ သို့သော်ဆင်းရဲချွတ်ခြုံကျကာ တိုင်းသူ ပြည်သားများ သူတစ်ပါးနိုင်ငံတွင်ကျွန်ခံနေရခြင်းသည် မဖြစ်သင့်မဖြစ်ထိုက်သည့် အမင်္ဂလာတစ်ပါးဟု ယုံကြည်မိပါသည်။

ဒီမိုကရေစီအာရုံဦး ရောင်နီသန်းစပြုနေသည့်အချိန်တွင် တောင်ပေါ်၊မြေပြန့်၊တိုင်းရင်းသားပေါင်းစုံ၊ ကြောသားရင်သားမခွဲခြားဘဲ အေးချမ်း သာယာသည့်မိသားစုဖြစ်အောင် မိဘစိတ်ဓါတ်အပြည့်အဝနှင့် မည်သူပဲ့ကိုင်ထိန်းကျောင်းပေးမည်နည်း၊ မျိုးဆက်သစ်များ၏ ပညာရေး၊ အခြေခံလူတန်းစား ပြည်သူတွေ၏ စားဝတ်နေရေး၊ လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်ကာ အာမခံချက်ရှိအောင် မည်သူဦးဆောင်လုပ်ကိုင်မည်နည်း။

ကျွန်တော်တို့သည် နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်း မဟုတ်သောကြောင့် နိုင်ငံတော်အတွက် တင်းပြည့် ကျပ်ပြည့် လုပ်ဆောင်နိုင်မည့်မဟုတ်ပါ။ သို့သော် ဒါပေမဲ့ ဦးဆောင်နိုင်သည့်သူနှင့်အတူလက်တွဲပြီးတတ်အားသ၍ ပါဝင်လုပ်ဆောင်ကြမည်ဆိုလျှင် မဝေးတော့သည့်အချိန်ကာလတစ်ခုတွင် ပရောဖက်အီဇာရိယ ဟောထားသည့်အတိုင်း "တော၌စမ်းရေထွက်၍ လွင်ပြင်၌မြစ်ရေ စီးဆင်းပါလိမ့်မည်"။ သွေ့ခြောက်သော မြစ်သည်စမ်းရေဖြစ်လိမ့်မည်။ ကျွန်တော်တို့ တိုင်းပြည်သည် ကမ္ဘာ့အလယ်တွင်မျက်နှာပန်းလှကာ ဂုဏ်သိက္ခာရှိ သည့် တိုင်းပြည်ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

နောက်ဆုံးတွင် အမိကက်သလစ်အသင်းတော်နှင့် မိမိတို့၏ ရင်သွေးသားသမီးတို့အား ကောင်းမွန်မြင့်မြတ်သည့် ခရစ်ယာန်များ၊ နိုင်ငံသူနိုင်ငံသားများဖြစ်အောင် အစဉ်တိုက်တွန်းနိုးဆော်နိုင်ရမည်။ နိုင်ငံသားတစ်ဦး အနေနှင့် နိုင်ငံငြိမ်းချမ်းရေးအတွက် လိုအပ်သည့် အခန်းကဏ္ဍတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ကဲ့သို့ နိုးနိုးကြားကြား တတ်အားသ၍ ပါဝင်ကြပါစို့။

# နိုင်ငံတော်တည်ဆောက်ရာတွင် အသင်းတော်၏ ပါဝင်မှုအခန်းကဏ္ဍ

Keynote address



"နိုင်ငံတော်တည်ဆောက်ရာတွင် အသင်းတော်၏ ပါဝင်မှုအခန်းကဏ္ဍ" ညီလာခံတွင် ကာဒီနယ် ချားလ်စ်ဘိုက လက်ရှိမြန်မာနိုင်ငံ၏ စိန်ခေါ်မှု၊ လူ့အခွင့်အလမ်းများ၊ ဌာနေတိုင်းရင်းသားတို့၏ လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေး၊ ဒေသထွက် သယံဇာတများကို ကာကွယ် စောင့်ရှောက်ပေးခြင်း၊ ငြိမ်းချမ်းခြင်းနှင့် ပြန်လည် သင့်မြတ်ခြင်း၊ လူငယ်များ၊ မိန်းကလေးများနှင့် ကလေးများ တို့ကိုအာရုံပြုဂရုစိုက်ပေးခြင်း၊ အချင်းချင်းအပြန်အလှန် ဆွေးနွေးခြင်း၊ ပညာရေးနှင့် ကျန်းမာရေးအတွက်လုပ်ဆောင်ခြင်း၊ ဗုဒ္ဓဘာသာ ဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုး ရေး၊ မြေယာပိုင်ဆိုင်မှုအခွင့်အရေးတို့ကိုမိန့်ကြားခဲ့ပါသည်။

စီးပွားရေးနှင့်ဆိုင်သောအမှန်တရား၊ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော အမှန်တရားများကို "Joy of the Gospel နှင့် Laudato Si" တို့ကိုအခြေခံ၍ပြောကြားခဲ့ပါသည်။ "ခရစ်ယာန်များ အိမ်ထဲတွင် လုံခြုံစွာနေခြင်းထက် အပြင်ဘက်၌လှုပ်ရှားသွားလာပြီး ဒဏ်ရာရ ရှိခြင်းကပိုမိုကောင်းမွန်သည်ဟု ပုပ်ရဟန်းမင်းကြီးမိန့်ကြားသကဲ့သို့ ယနေ့တွင် ကက်သလစ် ခရစ်ယာန်တစ်ဦးချင်းသည် ကမ္ဘာကြီးနှင့် ထိတွေ့မှုရှိရမည်။ လူတို့၏ပျော်ရွှင်မှု၊ ဝမ်းနည်းမှုနှင့် သောကပူဆွေးမှုများတို့သည် အသင်းတော်၏ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုနှင့် သောကပူဆွေးမှုများပင်ဖြစ်ကြောင်း မိန့်ကြားခဲ့သည်။ ဝါတွင်းကာလသည် ကျွန်ုပ်တို့အတွက် ရက်ပေါင်း(၄၀)သာ မဟုတ်ဘဲ ရက်ပေါင်း(၃၆၅) ရက်လုံးဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့နိုင်ငံသည် ဆင်းရဲသောနိုင်ငံဖြစ်သည့်အတွက် ရှည်လျားသော ဝါတွင်းကာလကဲ့သို့ပင်ဖြစ်သည်။ ယနေ့ကျွန်ုပ်တို့၏ နိုင်ငံသားများသည် ဒုက္ခအမျိုးမျိုး ကို သခင် ယေရှုး၏ ဒဏ်ရာတော် ငါးချက် ခံစားရသလိုပဲ ခံစား နေကြ ရပါသည်။ ၎င်းတို့မှာ

- လူဦးရေ(၆၀)ရာနှုန်းနီးပါးသည် ဆင်းရဲခြင်းကိုကြုံတွေ့နေရမှု
- လူထုအတွက်ကောင်းမွန်သောပညာရေးစနစ်ကို ငြင်းဆန်ခြင်း ခံရမှု
- ခရိုနီ၊စီးပွားရေးသမား၊ နိုင်ငံရေးသမားများ၏ လက်ဝါးကြီး အုပ်မှုကြောင့်ဆင်းရဲသားများသည် မြေယာအခွင့်အရေးများပျောက် လုမတတ်ဖြစ်ခြင်းကိုခံစားနေရမှု
- ပြည်တွင်းစစ်နှင့် ပဋိပက္ခများကြောင့်ငြိမ်းချမ်းရေးမရှိပဲ ဒုက္ခသည်စခန်းနှင့် IDP စခန်းတို့သည် ထောင်ပေါင်းများစွာသော ရိုးသားသည့် လူများအတွက် ထာဝရအိမ်များဖြစ်နေရမှု တို့ပင်ဖြစ်ပါသည်။

စိန်ခေါ်မှုအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ရှိနေသော်လည်း ကျွန်ုပ်တို့သည် ခရစ္စတူးကားတိုင်ပေါ်တွင် အသေခံရုံသက်သက်မဟုတ်ပဲခရစ်တော်ကဲ့သို့ ရှင်ပြန်ထမြောက်သောသူဖြစ်ရမည်။ ကျွန်ုပ်တို့သည် တမန်တော်ကြီးများကဲ့သို့ မျှော်လင့်ခြင်းကို ဖြန့်ဝေ ပေးသူ၊ အမှန်ကို ကိုင်ဆွဲခြင်းမပြုပဲ အလင်းဆောင်သောသူ၊ အခက်အခဲပြဿနာများကို အခက်အခဲပြဿနာများဟုမမြင်ပဲ မျှော်လင့်ခြင်း၏ ကျေးဇူး တော်ဟု လက်ခံသူ ဖြစ်ရမည်။

# ဘာသာရေး၊လူမျိုးရေး ခွဲခြားသူ နိုင်ငံ့ရန်သူဟု ကာဒီနယ်ချားလ်စ်ဘို မိန့်ကြား




မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူမျိုးရေးခွဲခြားမှုများကင်းစင်ရေးနေ့ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့အင်းယားလိပ်ဟိုတယ် ၂၁၊၃၊၂၀၁၆နေ့တွင်ကျင်းပခဲ့သည်။

ထိုအခန်းအနားတွင်ကာဒီနယ်ချားလ်စ်မောင်ဘိုက လူမျိုးရေးခွဲခြားမှုကင်းစင်ရေးနေ့ဆွေးနွေးပွဲ ဖွင့်အမှာစကားတွင် "ဘာသာရေး၊ လူမျိုးရေးကို အခြေခံပြီးတဲ့နောက် ခွဲခြားချက်တွေဟာ တကယ်တမ်းဆိုလို့ရှိရင် နိုင်ငံတော်ကိုတည်ဆောက်တဲ့သူတွေ မဟုတ် ဘဲနဲ့ နိုင်ငံတော်ရဲ့ ရန်သူတွေဖြစ်ပါတယ်။ ဒီလိုမျိုး အနောက် အယုက်လုပ်နေတဲ့လူတွေကို တရားမျှတစွာနဲ့ ကိုင်တွယ်ဖို့ အရေး ကြီးပါတယ်" ဟုမိန့်ကြားခဲ့ပါသည်။ "နိုင်ငံတော်မှာ ငြိမ်းချမ်းမှု ရချင် တယ် ဆိုရင် တရားမျှတစွာနဲ့ ဆက်လက်နေနိုင်မှာဖြစ်ပါတယ်။ ငြိမ်း ချမ်းခြင်း ကသာလျှင် ကျွန်ုပ်တို့ရဲ့နိုင်ငံတော်ကို တိုးတက်နိုင်လိမ့်မည်။ -ငြိမ်းချမ်းခြင်းမတိုင်ခင် တရားမျှတခြင်း၊ -တရားမျှတခြင်းကနေ ငြိမ်းချမ်း ခြင်း၊ -ငြိမ်းချမ်းခြင်းမှနေ ပြီး တိုးတက်ခြင်း သို့ကျနုပ်တို့ ဦးတည်ကြရမယ်ဖြစ်ပါတယ်။"

"လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်ကတည်းက လူမျိုးတစ်မျိုးပဲဖြစ် ရမယ်။ ဘာသာတစ်ခုပဲဖြစ်ရမယ်ဆိုတဲ့ ပေါ်လစီဟာ ကျွန်တော်တို့ လူမျိုးတွေအားလုံးကို ကွဲပြားစေခဲ့တဲ့အရာဖြစ်ပါတယ်၊ ဒီလိုဖြစ်ရပ် တွေဆက်လက်မဖြစ်ဖို့ သမိုင်းကနေသင်ခန်းစာယူသင့်ပါပြီ"။

"ပြီးခဲ့တဲ့သူတွေ၊ အုပ်ချုပ်တဲ့သူတွေဟာ အဆင့်အတန်းကြောင့်၊ ယုံကြည်မှုကြောင့်၊ လူမျိုးရေးကြောင့် ကျွန်ုပ်တို့ ခွဲခြား ခြင်းခံခဲ့ရတယ်။ မြန်မာနိုင်ငံတော်သစ်ကို တည်ထောင် တဲ့အခါ ဒါမျိုးတွေဆက်လက်ပြီး မဖြစ်ဖို့ရန်အတွက် သမိုင်းကနေ ဆက်လက်ပြီး ဆုံးမသွန်သင်ထားတယ်" ဒါ့အပြင် ဘာလူမျိုးဖြစ်မှ ဘာရာထူး၊ ဗုဒ္ဓဘာသာဖြစ်မှ ဘာအခွင့်အရေးရမယ်ဆိုတဲ့ ခွဲခြားဆက်ဆံမှု တွေကို လည်းကြုံတွေ့ခဲ့ရပါတယ်။ တိုင်းရင်းသားလူနည်းစုတွေ၊ လူ့အခွင့်အရေးလှုပ်ရှားသူတွေအပါအဝင်ဘာသာပေါင်းစုံက စိတ်ပါဝင်စားသူတွေ တက်ရောက်ပြီး လူမျိုးရေးခွဲခြားမှု ပပျောက်ရေး အတွက် အကြံပြုချက် တွေကို နီးနှောဖလှယ်ခဲ့ကြသည်။

## CBCM, 10.3.2016 မြန်မာနိုင်ငံ၏ လူမှုရေး နှင့် စီးပွားရေးအကြောင်း ဒေါ်မာဂရက်

"နိုင်ငံတော်တည်ဆောက်ရာတွင် အသင်းတော်၏ပါဝင်မှုအခန်းကဏ္ဍ" ဟူသော နိုင်ငံလုံးဆိုင်ရာညီလာခံ၌ ဒေါ်မာဂရက်ပြောကြားခဲ့သည့် မြန်မာနိုင်ငံ၏ လူမှုရေး နှင့် စီးပွားရေးအကြောင်းကို အတိုချုပ် တင်ပြလိုက်ပါသည်။




မြန်မာနိုင်ငံသည်နိုင်ငံရေးစနစ် နှစ်ခုတွဲပြီးသွားနေသည်ဟုယူဆရပါသည်။ ၎င်းတို့မှာ စစ်တပ်ကြိုးကိုင်တဲ့နိုင်ငံရေးနှင့် ဒီမိုကရေစီနိုင်ငံရေးတို့ဖြစ်သည်။ အားကောင်းတဲ့အဖွဲ့က စစ်တပ်ဖြစ်ပြီး အားမကောင်းတဲ့အဖွဲ့တွေကတော့ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊လက်နက်ကိုင်အဖွဲ့တွေ၊ တိုင်းရင်းသားနိုင်ငံရေးပါတီတွေဖြစ်တယ်။အရပ်ဘက်အဖွဲ့အစည်းတွေ၊ တခြားအဖွဲ့အစည်းတွေအားမကောင်းရခြင်းမှာ ဖွဲ့စည်းပုံနည်းစနစ်တကျမရှိခြင်း ကြောင့်ဖြစ်တယ်။ စစ်တပ်အင်အားကောင်းတယ်ဆိုပေမဲ့ ပြည်သူတွေရဲ့ယုံကြည်မှုမရခဲ့ဘူး၊ NLD က အင်အားနည်း ပေမဲ့ လူထုရဲ့ယုံကြည်မှုကိုရရှိလာပြီး အခုသမ္မတတင်မြောက်တဲ့အထိဖြစ်လာတယ်။

တိုင်းရင်းသားများကိုကြည့်မယ်ဆိုရင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ တိုင်းရင်းသားပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားအရပ်ဘက် အဖွဲ့အစည်းများစနစ်က အပေါ်ပိုင်းမှာရှိကောင်းရှိနိုင်ပေမယ့် အောက်ခြေအထိမရောက်သေးဘူး။ စဉ်းစားတွေးခေါ် နိုင်မှုက ပြည်သူတွေမှာနည်းနေသေးတယ်။ ဒီမိုကရေစီရပြီးရင်လည်း တိကျကျစ်လစ်တဲ့မူတွေ အများကြီးလုပ်ဖို့လိုလာမယ်။ ဒီမိုကရေစီရပြီး ရှေ့ဆက်ဘာလုပ်ကြမလဲ။ ဌာနဆိုင်ရာအဖွဲ့အစည်းကလည်း ငြိမ်းငြိမ်းချမ်းချမ်း၊ သင့်သင့်မျှမျှ သဟဇာတဖြစ်အောင် လုပ်ပေးဖို့သင့်တယ်။

အသင်းတော်ကလည်း ဘယ်လိုလုပ်ပေးနိုင်မလဲ။ အမျိုးသမီးများရဲ့အခွင့်အရေး အခန်းကဏ္ဍတွေလည်း ထည့်သွင်းပေးဖို့လိုအပ်တယ်။ နိုင်ငံရေးဥပဒေတွေကို တစ်ခုပြီးတစ်ခုပြုပြင်ဖို့လိုအပ်လာပြီ။ ပြည်သူတွေကလည်း နိုင်ငံရေးစနစ်ကို အတိအကျ လိုက်နာဖို့လိုအပ်တယ်။ အစိုးရအသစ်ကို ဖိအား မပေးဖို့၊ အစိုးရအသစ်ကိုပံ့ပိုးပေးဖို့လိုတယ်။ လက်တွဲညီဖို့လိုအပ်တယ်။ မညီလျှင် ကွဲပြားခြားနားနေလျှင် အင်အားကြီးဘက်က တစ်ချက်ခြေထိုးလိုက်တာနှင့် ပြိုလဲသွားနိုင်ပါတယ်။

## CBCM, 10.3.2016 မြန်မာနိုင်ငံ၏ ပညာရေးအကြောင်း ဒေါက်တာဝင်းအောင်

နိုင်ငံတော်တည်ဆောက်ရာတွင်အသင်းတော်၏ပါဝင်မှုအခန်းကဏ္ဍ" ဟူသော နိုင်ငံလုံးဆိုင်ရာညီလာခံ၌ ဒေါက်တာဝင်းအောင် ပြောကြားခဲ့သည့်မြန်မာနိုင်ငံ၏ ပညာရေးအကြောင်းကို အတိုချုပ် တင်ပြလိုက်ပါသည်။



ပညာရေးမှာ လွန်ခဲ့သော(၁၉၇၁-၈၁)လောက်တွင် နောက်ဆုံးပြုပြင်ထားသော သင်ရိုးညွှန်းတန်းကိုသာ သုံးစွဲနေကြဆဲဖြစ်ပါသည်။ ပညာရေးစနစ်တွင် အခွင့်အလမ်းနှင့် အရည်အသွေးဟူ၍နှစ်ခုရှိသည်။အရည်အသွေး မြင့်မားလာအောင် များစွာကြိုးစားရန်လိုအပ်သည်။ (၂၁)ရာစုဖြစ်သော လက်ရှိမြန်မာပြည်၏ ပညာရေးအခြေအနေသည် နိမ့်ကျလှသည်။ (၁၅)ရာခိုင်နှုန်းသောကလေးငယ်များသည် ကျောင်းသို့မရောက်ကြသေးပါ။ မြန်မာ နိုင်ငံရှိ ဆရာ/ဆရာမများ၏ အရည်အသွေးမြင့်တင်ရန်ရှိသလို ကလေးတိုင်း ပညာသင် ယူနိုင်ရန်ကြိုးစားရာတွင် နိုင်ငံတော်၌ တာဝန်ရှိသည့်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ရာ မိဘပြည်သူများကလည်း တစ်ဘက်တစ်လှမ်းမှ ဆောင်ရွက်ပေးကြမည်ဆိုလျှင် အကျိုးရှိမည်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ ပြည့်စုံသော လူမှုဖွံ့ဖြိုးရေးအကြောင်း Bp. R Sum Lut Gam

နိုင်ငံတော်တည်ဆောက်ရာတွင်အသင်းတော်၏ပါဝင်မှုအခန်းကဏ္ဍ" ဟူသော်နိုင်ငံလုံးဆိုင်ရာညီလာခံ၌ မြန်မာနိုင်ငံကရုဏာ၏နာယက ဗန်းမော် ဂိုဏ်းအုပ်ဆရာတော် Raymond Sum Lut Gam မိန့်ကြားခဲ့သည့် Integral human development ပြည့်စုံသော လူမှုဖွံ့ဖြိုးရေး အကြောင်းကို အတိုချုပ် တင်ပြလိုက်ပါသည်။




ဖွံ့ဖြိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်သည့်အခါတွင် သင်ရယ်၊သူရယ်၊ငါရယ် သုံးယောက်စလုံး အတူလက်တွဲ လုပ်ဆောင်မှအောင်မြင်မည်ဖြစ်ကြောင်း၊ လူသားတိုင်းတွင် အသက်ရှင် နေထိုင်မှု အတွက်မရှိမဖြစ် Basic need ဆိုတာရှိကြောင်း၊ ပထမ Physical need ၊ ဒုတိယ Body and mindနှင့် တတိယ fullness of Life (Spirit)တို့ဖြစ်ကြောင်း ကမ္ဘာကြီးတွင် အခက်အခဲ၊ ဆင်းရဲမှုအမျိုးမျိုးရှိသကဲ့သို့ မြန်မာနိုင်ငံကိုလည်း အဆင်းရဲဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရကြောင်း၊ ကမ္ဘာ့လူသားအများစုက ဒုက္ခရောက်နေသည့်အတွက်ကြောင့် ဖွံ့ဖြိုးရေးလိုအပ်လာပါကြောင်း၊ ရဟန်းမင်းကြီးဖရန်စစ်ကလူများဒုက္ခရောက်ရခြင်းမှာ စစ်ပွဲ ကြောင့်ဖြစ်သည် ဟု မိန့်ကြားခဲ့ကြောင်းကိုလည်း ပြောကြားခဲ့သည်။ **(အဆက် စာ..(၇)သို့ )**

**စာ..(၆) ပြည့်စုံသော လူသားဖွံ့ဖြိုးရေး မှ အဆက်...**

အသင်းတော်၏သွန်သင်ချက်ထဲတွင် လူသား၏ ဖွံ့ဖြိုးတိုးတက်ခြင်းဟုဆိုရာ၌ အသက်ရှိသမျှအားလုံး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ပုဂ္ဂိုလ်တစ်ဦးစီဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ(ဝိညာဉ်ရေးရာ) အားလုံးပါဝင်ပါသည်။ တစ်နည်းအားဖြင့် အသင်းတော် လုပ်ဆောင်နေသည့် ဖွံ့ဖြိုးရေး သည် Integral human development ပင်ဖြစ်ပါသည်။ လူများချမ်းသာကြသည်၊ ချမ်းသာလာလျှင် ဘဝင်မြင့်လာကြသည်။ ထိုချမ်းသာခြင်းမှ သောက အမျိုးမျိုးဖြစ်လာကာ စိတ်ပိုင်းဆိုင်ရာတွင် မထိန်းသိမ်းနိုင်ခြင်းကြောင့် ချမ်းသာမှုသည် မိမိကိုယ်ကိုပြန်လည် ဒုက္ခပေး လာသည်။

အသင်းတော်သည်အားလုံးကိုပြည့်စုံပြည့်ဝသည့် ဖွံ့ဖြိုးရေးကို အားပေးနေခြင်းဖြစ်ပါသည်။ Integral human development ဆိုသည်မှာ Catholic Social teaching မှ စတင်ခြင်းဖြစ်သည်။ ရဟန်းမင်းကြီး LEO(XIII)ကစတင်ခဲ့ခြင်းဖြစ်ပါသည်။ ကက်သလစ်လူမှုသွန်သင်ချက်အတိုင်း ခေတ်အဆက်ဆက် ရဟန်းမင်းကြီးများက ပြည့်စုံပြည့်ဝသည့်ဖွံ့ဖြိုးရေးကို လုပ်ဆောင်လာခဲ့ကြသည်။ ဖွံ့ဖြိုးရေးလုပ်ဆောင်သည့်အခါတွင် လူကို မကြည့်ပဲ မူဝါဒကိုသာကြည့်နေကြသည်။ ဖွံ့ဖြိုးရေးကို ခွဲခြားကာလုပ်နေကြသည်။ တခြား ဘာသာများနှင့်လည်း လက်တွဲကာ လုပ်ဆောင် မှသာ ကျွန်တော်တို့သည် ပြည့်စုံပြည့်ဝတဲ့ ဘက်စုံဖွံ့ဖြိုးရေး ဖြစ်လာမည်။ ကိုယ်ခန္ဓာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဝိညာဉ် ပိုင်းဆိုင်ရာ စသဖြင့် အကုန်လုံး ပါရမည်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ အလွှာပေါင်းစုံမှ Integral human developmentဖြစ်လာမည် ဖြစ်ပါသည်။

## CBCM, 10.3.2016 မြန်မာနိုင်ငံလူမှုဖွံ့ဖြိုးရေးအတွက်နိုင်ငံသားများ၏အခန်းကဏ္ဍ ဒေါက်တာကျော်သူ




မြန်မာနိုင်ငံအပြောင်းအလဲအချိန်မှာ ကာဒီနယ်က သန့်ရှင်းမှုတတဲ့ရွေးကောက်ပွဲ မျိုး လုပ်ပေးပါဆိုပြီး တိုက်တွန်းနှိုးဆော်ချက်တွေထွက်လာတာမျိုးဟာ အခုဆွေးနွေးတဲ့ Role of the Church နှင့် တိုက်ရိုက်ဆက်စပ်ပါလိမ့်မယ်။ မျိုးစောင့်ဥပဒေလို အယူလွဲတဲ့အမှားတွေ အတွက်ဆိုရင်လည်း ဒီဘက်သာသနာမျိုးတွေကနေ ထပ်ပြီးမားမားမတ်မတ်ရပ်ပေးဖို့ လိုပါ တယ်။ နိုင်ငံတကာနှင့်ပတ်သက်လျှင်မြစ်ဆုံ၊ သံလွင်၊ လက်ပံတောင်း၊ ပိုက်လိုင်းဖြစ်လိမ့်မည်။ အဲ့ဒါထက်ပိုတဲ့အခင်းအကျင်းတွေရှိတယ်၊ ရှိနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုရင် တက်လာသည့် အစိုးရကို လူမှုရေး၊ ဘာသာရေး ပဋိပက္ခများကိုဖန်တီး လေ့ရှိကြ တယ်။ တရုတ်နှင့်ပက်သက် သည့်အပြင် နိုင်ငံတွင်လုပ်သွားသည့်အတွေ့အကြုံအရ အာရုံလွှဲခြင်းတွေ ရှိခဲ့သည်။

ပြီးခဲ့တဲ့လိပ်ကျွန်းလူသတ်မှုနဲ့ပက်သက်ပြီးအရေးယူမယ်ဆိုတော့ ကျွန်တော်တို့ဆီက ဆန္ဒပြကြတယ်။ ဆန္ဒပြကြတဲ့ ပထမဆုံးအုပ်စုက ဘယ်သူတွေ ဖြစ်နေလဲဆိုတော့ မ.ဘ.သ ဖြစ်ပါတယ်။ မ.ဘ.သ ဆိုတာ လူမျိုး၊ ဘာသာ၊ သာသနာပါ။ မ.ဘ.သ ရဲ့ဖွဲ့စည်းပုံက လူတွေအမြင်မှာ ဝီရသူတို့လို ဆရာတော်တွေပါမယ်၊ သူသည်တစ်နိုင်ငံလုံး၊ မြို့နယ်တိုင်းမှာ ရှိပါတယ်။ မ.ဘ.သ လှုပ်ရှားမှုသည် နိုင်ငံရေးအတိအကျပါသော နိုင်ငံရေးရည်ရွယ်ချက် လှုပ်ရှားမှုတစ်ခု ဖြစ်တယ်။ အခု ဒေါ်စုတို့ကို ပြောင်တိုက်နေသောပါတီဟာသူတို့ပဲဖြစ်တယ်။ ပြဿနာအခက်အခဲ တွေရှိနေတဲ့အချိန်မှာ ဒီလူတွေအချိန်မရွေး ထကြွလာနိုင်တယ်။

ကျွန်တော်တို့အရပ်ဘက် အဖွဲ့အစည်းတွေစုစည်းမိကြဖို့၊ စိတ်ပါဝင်စားမှုရှိဖို့လိုအပ်ပါတယ်။ နောက်တစ်ခုက သဘာဝဘေး အန္တရာယ် တစ်ခုဖြစ်တိုင်း လူတွေသေပေမဲ့ တစ်ဘက်မှာ အခွင့်အရေးယူပြီးအမြတ်ထုတ်ကြတယ်။ အဲ့လိုအချိန်မျိုးမှာ Role of the Church ပါဝင်ဖို့ လိုပါ လိမ့်မယ်။ ကျွန်တော်တို့အရပ်ဘက်အဖွဲ့အစည်းများစုစည်းကြရင် စစ်ပွဲတွေရပ်ပေးဖို့၊ အနိုင်အထက်လုပ်တာတွေ ရပ်ပေးဖို့ကို သာသနာကနေ ဝင်ပါပေးကြဖို့ မေတ္တာရပ်ခံပါတယ်။

## CBCM, 11.3.2016 ချစ်ခြင်းမေတ္တာ နှင့်တရားမျှတခြင်းနှင့်ကရုဏာ၌ အခြေခံသော ငြိမ်းချမ်းရေးအကြောင်း

Fr. C Aung Win



Christian Spiritaulityလို့ပြောရင် သာမန်ဘာသာတူတွေနားလည်ထားတာကတော့ မဏ္ဍားနာမယ်၊ နိုဗီနားလုပ်မယ်၊ ပုတီးစိပ်မယ်၊ ဆုတောင်းမေတ္တာဆိုမယ် စသည်တို့၊ နားလည်တယ်။ ခရစ်ယာန်ရဲ့ ဝိညာဉ်ရေးကို၊ ဒီလောကနဲ့ဘဲရပ်ထားရင် လူတွေရဲ့ပြဿနာများ၊ အခက်အခဲများ၊ လူတွေရဲ့ဘဝနဲ့ဆက်စပ်မှုမရှိဘူးဆိုရင် ခရစ်ယာန်ရဲ့ဝိညာဉ်ရေး (Christian Spirituality လို့ ပြော လို့ မရပါဘူး၊ ဝိညာဉ်ရေးဆိုတာ ငြိမ်းချမ်းရေးနှင့် ချစ်ခြင်းမေတ္တာလက္ခဏာ ဆောင်နေတယ်။ ဘုရားက ဒီလောကမှာ လူ့အဖြစ်ယူတဲ့အခါ လူတွေကိုကယ်တင်ဖို့အတွက် လူသား၏ပြဿနာတွေ၊ အခက်အခဲတွေ၊ လိုအပ်ချက်တွေ၊ ဆင်းရဲမှုတွေနှင့် တစ်လုံးတစ်ဝတည်း ရှိစေခဲ့တယ်။ ဘဝ အသက်တာနှင့်တစ်လုံးတစ်ဝတည်းရှိခဲ့တယ်။ ဒါက ခရစ်ယာန် ဝိညာဉ်ရေး ဘဲဖြစ်တယ်။

ခရစ်တော်ကိုယ်တိုင်က ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်ရှိတယ်။ ဆင်းရဲသားတွေကို သတင်းကောင်းကြေငြာဖို့၊ ဖမ်းဆီး ချုပ်နှောင်ခံရတဲ့ပုဂ္ဂိုလ်တွေ၊ မျက်မမြင်တွေကိုပြန်မြင်စေဖို့ ငါ့ကိုစေလွှတ်တယ်။ ဘိသိတ်ပေးထားတယ်လို့ ပြောခဲ့တယ်။ သူ့ရဲ့သာသနာ ပြုမှုကို ပြထားခြင်းဖြစ်တယ်။ ခရစ်ယာန်တိုင်းဟာ အဲ့ဒီဝိညာဉ်ရေးလမ်းအတိုင်းအသက်ရှင်ရမယ်။ **(အဆက် စာ (၈)သို့ ......**





**စာမျက်နှာ (၇) ချစ်ခြင်းမေတ္တာမှ အဆက် .....**

ယနေ့လူ့ဘောင်၊ လူ့အဖွဲ့အစည်းထဲတွင် ပြဿနာဖြစ်ပေါ်စေသည့် မတရားမှုများကို ဆန့်ကျင်သင့်လျှင်ဆန့်ကျင်ရမည်။ ပြောင်းလဲသင့်လျှင်လည်း ပြောင်းလဲရမည်။ သမ္မာကျမ်းစာ၏ တန်ဖိုးနှင့် ကိုယ့်ကိုကိုယ်ကိုပြောင်းလဲရင်း ပတ်ဝန်းကျင်ကို ပြောင်းလဲဖို့လိုသည်။ အသင်းတော်၏သွန်သင်ချက်အတိုင်း လူသည်ဘုရားသခင်၏ ရွှေပုံသဏ္ဍာန်တော်ရှိသည်။ ခရစ်တော်၏ အသွေးနှင့် ကယ်တင်ထားသော သူများဖြစ်သောကြောင့် လူတစ်ဦး နှင့် သက်ဆိုင်သော လူ့အခြေခံအခွင့်အရေးများရရှိမည်။အပြင်ပန်းတွင်သာငြိမ်းချမ်းခြင်းလုပ်နေသော်လည်း မိမိ၏အတွင်းစိတ်တွင် ငြိမ်းချမ်းခြင်းမရှိပါက အဓိပ္ပါယ်မရှိသကဲ့သို့ အရင်ဦးဆုံး မိမိ၏နှလုံးသားငြိမ်သက်မှုရှိရမည်။

ပတ်ဝန်းကျင်တွင် ဖြစ်ပျက်သမျှကို ကိုယ်နှင့်မဆိုင်သကဲ့သို့ နေခြင်း၊ သူများဒုက္ခရောက်နေသော်လည်း ကိုယ်နှင့်မဆိုင် သကဲ့သို့ နေခြင်းသည် လူ၏အတွင်းစိတ်ကိုပိတ်လောင်စေသည်။ နှလုံးသားကိုလည်း ပိတ်လှောင်စေသဖြင့် ပြောင်းလဲရန်လိုသည်။ စစ်မှန်သော ငြိမ်းချမ်းရေးလိုချင်လျှင် တရားမျှတမှုရှိရပါမည်။ လူ၏ဂုဏ်သိက္ခာ နှင့် အညီအသက်ရှင်ချင်လျှင်လည်းပေးဆပ်ရပါမည်၊ တရားမျှတရမည်။

ကက်သလစ်သာသနာသည် တရားမျှတခြင်းကို အချက် သုံးချက်ဖြင့် သွန်သင်ပါတယ်၊ with God, with people and God creation ဘုရားသခင်နှင့်အတူ၊ လူသားများ နှင့်အတူ၊ ဘုရားသခင် ဖန်ဆင်းထားသော အရာများနှင့်အတူ တိုင်းတာမယ်လို့ သိရသည်။

ပထမဆုံးက ဘုရားကိုပေးရမည့်အရာကို ဘုရားအား ပေးခြင်းသည် မျှတခြင်းဖြစ်တယ်။ ဘုရားကိုကျန်သည့် အရာများထက် ဦးစားပေးပါ။ ဘုရားကိုဒုတိယနေရာထားပါက ထိုအရာသည် ဘုရားသခင်အပေါ်မတရားခြင်းဖြစ်သည်။ နောက်တစ်ခုသည် လူအားလုံးကိုချစ်ရမည့်အပြင် ကမ္ဘာမြေကြီးကိုလည်း ချစ်ရပါမည်။ ယနေ့တွင် သစ်တောများဖျက်စီးကြသည်၊ ပင်လယ်ကိုဖျက်စီးကြသည်၊ သဘာဝပတ်ဝန်းကျင်ကိုဖျက်ဆီးသည်။ ထိုအရာများကိုဖျက်စီးသည့် အခါတွင် မတရားမှုဖြစ်လာသည်။

ထို့ကြောင့်ကက်သလစ်သာသနာတော်က တရားမျှတခြင်းကို ထိုအချက် သုံးချက်ဖြင့်တိုင်းတာပါသည်။ ကျွန်ုပ်တို့သည် အတွင်းနှလုံးသားနှင့် အပြင်ပန်းလုပ်ဆောင်မှု နှစ်ခုစလုံးဒွန်တွဲကာလုပ်ဆောင် သင့်ကြောင်း ဝေမျှခဲ့ပါသည်။

CBCM, 11.3.2016

# ငြိမ်းချမ်းရေးနှင့် တရားမျှတမှု စိုးမိုးစေရန်အတွက် အမျိုးသမီးများရဲ့ကဏ္ဍ

Sr. Jane Frances




Sr. Jane Frances က CRCM ၏ ကိုယ်စား " ငြိမ်းချမ်းရေးနှင့်တရားမျှတမှု စိုးမိုးစေရန်အတွက် အမျိုးသမီးများ၏ကဏ္ဍ" ကို ပထမဦးဆုံး မြန်မာအမျိုးသမီးများနှင့် မြန်မာအမျိုးသမီးသီလရှင်ဟု ရှင်းပြခဲ့ပါသည်။

မြန်မာပြည်တွင် လူဦးရေ(၅၅)သန်းကျော် ရှိကြောင်း၊ အမျိုးသမီး ဦးရေ(၅၁%) (၅၁.၇%)ရှိကြောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ ဖြိုးရေးအတွက် အထူးသဖြင့်ဆင်းရဲသားများနှင့် ပစ်ပယ်ခံရသည့် မိသားစုများ၏ ဘဝတိုးတက်မှုအတွက် အဓိက ဆက်ကပ်လုပ်ဆောင် ကြကြောင်းကို အသင်းတော်မှ စေလွှတ်ခြင်း ခံရသည်ဟု ခံယူကြောင်း၊ နိုင်ငံတော်တိုးတက်ရန်အတွက် ဆွေးနွေးရသည့်အခန်းကဏ္ဍတွင် အမျိုးသမီးများ အားနည်းပါး သေးကြောင်း၊ လူမှုဖွံ့ဖြိုးရေးတိုးတက်ရန် ဦးဆောင်သူအဖြစ်နှင့် နေရသည့်နေရာတွင်လည်း အမျိုးသမီးများနည်းပါးသေးကြောင်း၊ ယနေ့ခေတ်အခါတွင်ပညာတတ်အမျိုးသမီး အများကြီးရှိလာပြီးဖြစ်သော်လည်း ဆုံးဖြတ်ချက်ချနိုင်မည့် နေရာများတွင် အမျိုးသမီးများ၏ ကဏ္ဍကနည်းပါးသေးကြောင်း၊ အမျိုးသမီးများရင်ဆိုင်ရသည့် အခက်အခဲမှာအထူးသဖြင့် မိန်းကလေးငယ်များက "ကျွန်မတို့က ပြည်ပတန်ဆာလုပ်ငန်းတွေမှာ လုပ်ကိုင်နေရတယ်။ ဖျော်ဖြေနေတဲ့ဘဝနဲ့ပဲ မိမိတို့အသက်မွေးဝမ်းကျောင်း ရတယ်" စသဖြင့်ပြဿနာ အများကြီးရှိပါတယ်၊ လူကုန်ကူးခံရတယ်၊အိမ်တွင်းအကြမ်းဖက်မှုတွေနှင့်ရင်ဆိုင်နေရတယ်၊အလုပ်မှာခွဲခြားဆက်ဆံခံနေရတယ်။ တစ်ချိန်တည်းမှာပဲ မိသားစုတာဝန်ကိုလည်း ယူရတယ်။ အိမ်ထောင်မှုလည်း ပြုစုစောင့် ရှောက်ရသလို အပြင်ထွက်အလုပ်လုပ်ကြရပါတယ်" ဟု ရင်ဖွင့်သံများကြားနေရမြင်နေရကြောင်း၊ စစ်ဖြစ်သည့်နေရာ၊ မငြိမ်းချမ်းသည့် နေရာများတွင် မတရားပြုကျင့် ခံနေရကြောင်း၊ ပြည်တွင်းစစ်များကြောင့် ကလေးများကာကွယ်စောင့်ရှောက်ရန်အတွက်ခိုလှုံခွင့်တောင်းကာ အသက်လုရင်းပြေးနေရသည့် အကြိမ်ပေါင်းလည်းမနည်းကြောင်း၊ မူးယစ်ဆေးစွဲသူများ၏ နှိပ်စက်ခြင်း ခံနေရကြောင်း၊ ထိုအခက်ခဲများကို မြင်တွေ့ရပြီး တတ်နိုင်သမျှ၊ တတ်အားသမျှ ကူညီမှုပေးနေကြကြောင်း၊ မိဘမဲ့ပြုစုပျိုးထောင်ပေးသည့် နေရာများတွင် တတ်နိုင်သည့်နေရာလေးတစ်ခုကိုဖန်တီးပေးနေကြကြောင်း၊ ပညာရေးမြှင့်တင်သည့်နေရာများ အထူးသဖြင့် ကျောင်းကို မသိနားမလည်သည့် ကလေးကိုစာသင်ခွင့်ရအောင် စွမ်းဆောင်ပေးနိုင်ကြောင်း၊ မူကြိုပညာရေး၊ကျန်းမာရေးစောင့်ရှောက်မှု၊ယဉ်ကျေးမှု၊လူမှုဖွံ့ဖြိုးရေးတို့ကိုအထူးကူညီပေးနေကြကြောင်း သိရှိရသည်။

**CBCM Herald** - စာစောင်ကို လ၏ (၁၅) နှင့် (၃၀) ရက်နေ့တို့တွင်ထုတ်ဝေသည်။
- တစ်စောင်(၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင်(၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀)ကျပ်ဖြင့်အားပေးနိုင်ပါပြီ။




CBCM, 12.3.2016

## နိုင်ငံတော်တည်ဆောက်ရာတွင်ဗုဒ္ဓဘာသာ၏ရှုထောင့်

မြဝတီဆရာတော်



နိုင်ငံတော်တည်ဆောက်ရာတွင် အသင်းတော်၏ ပါဝင်မှုအခန်းကဏ္ဍ"ညီလာခံ၌ ဗုဒ္ဓဘာသာမှမြဝတီဆရာတော် အရှင်အာရိဝံသာဗိဝံသာ၏ ဟောပြောခြင်းများကို အတိုချုပ်တင်ပြပါမည်။

သူတော်စင်စိတ်ဓါတ်ရှိပြီး အမှန်တရားကိုရှာဖွေနေရင်း ငြိမ်းချမ်းရေးကို ကိုယ်တိုင်ကလည်း ခံစားရသလိုသူတစ်ပါးကိုလည်း ခံစားစေချင်တဲ့ ဘာသာရေးပုဂ္ဂိုလ်တွေရဲ့အခန်းကဏ္ဍကသိပ်အရေးကြီးသွားပြီ။ ဒီလိုလက်တွဲညီညီနင့် လျှောက်လှမ်းရာမှာ အနောက်တိုင်းကလူတွေဟာ လွတ်လပ်မှုကို အခြေခံပြီး တွေးခေါ်ကြတာမို့ တိုးတက်ကုန်တယ်။ ကျွန်ုပ်တို့နိုင်ငံမှာ လွတ်လပ်မှုကို ပျက်စီးလိုက်တဲ့ အခါကျတော့ တွေးခေါ်မှုအပိုင်းကိုမရောက်နိုင်တော့ဘူး။

ဗုဒ္ဓပြောတာရှိတယ် "မီးမကိုင်နဲ့မီးသတိထား"ဆိုတဲ့ဆိုရိုးအတိုင်း ဂရုစိုက်ဖို့သတိထားဖို့ပြောတယ်။ သူ့ရဲ့စကားတွေကလည်း အရမ်းတန်ဖိုးရှိတယ်။ ဗုဒ္ဓကစဉ်းစားမှုကို ဦးစားပေးတယ်၊ လွှမ်းမိုးမှုကိုဖယ်ရှားပေးတယ်၊ သူတော်စင်တွေက လောဘဒေါသနည်းကြတယ်၊ သူတော်စင်တွေရဲ့ စကားကိုသီးခြား နားထောင်ရမယ်။ ဗုဒ္ဓပြောတာတွေက "အချင်းချင်းလေးစားခြင်း၊ အချင်းချင်းရဲ့စကားကိုနားထောင်ဖို့၊ ဒီမိုကရေစီလမ်းကြောင်းဟာလည်း အချင်းချင်းရဲ့စကားကိုနားထောင်ခြင်းပဲ၊ အခုဘုန်းကြီးတို့ ဒီမိုကရေစီ မရနိုင်တာ အဲ့ဒီအဓိပ္ပါယ်ကိုသဘောမပေါက်ကြလို့ပဲ။

ခရစ်ယာန်ဘာသာဖုံးလွှမ်းတဲ့နေရာကတိုးတက်ပြီး ဗုဒ္ဓဘာသာဖုံးလွှမ်းတဲ့နေရာကဆုတ်ယုတ်တယ်။ အထူးသဖြင့် ထေရဝါဒဗုဒ္ဓဘာသာကတောင် ပိုဆိုးသေးတယ်။ တိုးတက်မှုမရှိဘူး။ လူတွေဘာဖြစ်လဲဆိုရင်အတော်ဝေဖန်စရာတွေဖြစ်ကုန်ပြီ။ဗုဒ္ဓဘာသာတွေက မာနကြီး၊ အတ္တကြီး၊ ဘုရားကို ကိုးကွယ်တယ်တဲ့၊ အိမ်တိုင်းဘုရားရှိတယ်တဲ့၊ ဒါပေမဲ့ တရားရှိတယ်လို့မထင်နဲ့။ တိုင်းပြည်ပျက်တာလည်း သူတို့ကြောင့်ပါတယ်။

တစ်ခါဗုဒ္ဓကပြောတယ် သူ့ကိုအတုယူမှားမှာစိုးလို့မကောင်းတဲ့ဟာကို မလုပ်ခိုင်းဘူး။ ခေါင်းဆောင်တွေကို အတုယူရမယ်၊ အတုယူမှားမှာကိုလည်း ခေါင်းဆောင်တွေက အင်မတန်ဆင်ခြင်ရမှာဖြစ်တယ်။ ဗုဒ္ဓလို၊ ယေရှုခရစ်တော်လို ခေါင်းဆောင်တွေကို အတုယူရမှာဘဲ၊ အမေရိကန် ဘာကြောင့်တိုးတက်လဲဆိုရင် သမ္မတတွေကအစ ခေါင်းဆောင်တွေမှအဆုံး သူတို့တွေရဲ့ကြီးမြတ်တဲ့ ခေါင်းဆောင်တွေရဲ့ စိတ်ဓါတ်တွေ၊ အတုယူစရာတွေ၊ သည်းခံမှုတွေ၊ အမျှော်အမြင်ကြီးမြတ်မှုတွေ၊ ကိုယ်ကျိုးစွန့်လွှတ်မှုတွေကို အတုယူခြင်းကြောင့်ဖြစ်တယ်။

ဘုန်းကြီးတို့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ ဓမ္မဒီမိုကရေစီဖြစ်ရပါမယ်၊ ဓမ္မကအားလုံးနဲ့သက်ဆိုင်တဲ့ကိစ္စ၊ ဒီမိုကရေစီဆိုတာ ဘာသာပေါင်းစုံ ပေါင်းစည်း ဆက်ဆံတဲ့ အရာဖြစ်တဲ့အတွက် ဘုန်းကြီးတို့တွေ ဓမ္မဒီမိုကရေနိုင်ငံတည်ဆောက်နိုင်အောင် ကြိုးစားသွားကြပါစို့။

CBCM, 12.3.2016

## နိုင်ငံတော်တည်ဆောက်ရာတွင်အစ္စလာမ် ဘာသာ၏ရှုထောင့်

ဦးအေးလွင်



ခရစ်ယာန်သာသနာဟာကျွန်တော်နဲ့ ရင်းနှီးအကျွမ်းဝင်တဲ့ သာသနာတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ကျမ်းမြတ်ကိုရမ်မှာ ကက်သလစ်သမ္မာကျမ်းစာရဲ့ အစိတ်အပိုင်းတစ်ချို့ကိုရေးထားတာတွေရှိတယ်။

ကျွန်တော်တို့ အစ္စလာမ်ဘာသာတွေက အထူးသဖြင့် ချစ်စိတ်ကများတော့ ကျန်တဲ့လူတွေအပေါ်မှာ မြင်တဲ့အမြင်ဟာ တဖြည်းဖြည်း မှေးမှိန်လာတယ်။ တဖြည်းဖြည်းအာဃာတသဘောကို ဆောင်လာပြီး ဘာသာကိုအကြောင်းပြုပြီး ပဋိပက္ခတွေဖြစ်ပေါ်လာတယ်။လူတွေကမေးလာပြီ။ ဘာသာ၊သာသနာများသည် ပြဿနာ၏အစိတ်အပိုင်းလား။ မိမိတို့၏အယူအဆစွဲလန်းမှုကိုအကြောင်းပြုပြီးထိုလူအပေါ်မှာမြင်တဲ့အမြင်က မကောင်းမှုဖြစ်လာတယ်။ ကိုယ့်ဘာသာသာသနာကို ကြီးထွားအောင်မပြုလုပ်ခင် ကာကွယ်ဖို့ လိုအပ်တယ်လို့ မြင်လာတယ်။

ဘာသာတရားအားလုံးမှာ အကျင့်သီလဆိုတဲ့ ကိုယ်ကျင့်သိက္ခာရှိပါတယ်။ ကိုယ့်ကိုယ်ကိုကောင်းအောင်လုပ်ရမယ်၊ ကိုယ့်ပတ်ဝန်းကျင်လည်း ကောင်းအောင်လုပ်ရမယ်၊ အဲ့ဒီတော့ ကျွန်တော်တို့မှာ အတ္တ၊နလုံးသားမအေးချမ်းဘဲနဲ့ ပတ်ဝန်းကျင်ကြီးကို ငြိမ်းချမ်းအောင် လုပ်လို့မရဘူး။ ဘယ်ဘာသာကိုဘဲ ယုံကြည်ယုံကြည် တကယ်ဘဲ ငြိမ်းချမ်းမှုကို လိုချင်ပြီဆိုရင် နလုံးသား ငြိမ်းချမ်းအောင်ပြုလုပ်ရပါမယ်။

နလုံးသားငြိမ်းချမ်းဖို့အခြေခံက သီလမှာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဆိုတာရှိတယ် ကိုယ့်ရဲ့အတွေးတွေသန့်ပြန့်ဖို့ ဝစီလို့ ပြောတဲ့စကားဟာ သန့်ပြန့်ဖို့လိုတယ် ဝစီသန့်ပြန့်မှသာလျှင် လုပ်ရပ်တွေကလည်းသန့်ပြန့်လာမယ်။ ကျွန်တော်တို့ငြိမ်းချမ်းမှုကိုတည်ဆောက်ရာမှာ အတွေးခေါ်များသန့်စင်နေရမယ်။ စာနာထောက်ထားမှုရှိရမယ်။ မိမိကိုယ်ကို ကောင်းအောင် စလုပ်ရမယ်။ ငြိမ်းချမ်းရေးကိုတည်ဆောက်ရာမှာ ဘာသာတရားများရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးလာပြီ၊ ဒီရေမြေသဘာဝမှာပဲ အတူတကွယှဉ်တွဲပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ပါတယ်။ ငြိမ်းချမ်းရေး အတွက် မတူကွဲပြားမှုများအပေါ်မှာ စာနာစိတ်များရှိပါက မြန်မာနိုင်ငံတော်ရဲ့ငြိမ်းချမ်းရေးဟာမဝေးတော့ပါလို့ တင်ပြလိုက်ရပါတယ်။

နိုင်ငံတော်(မြန်မာနိုင်ငံ)တည်ဆောက်ရာတွင် ကက်သလစ်သာသနာတော်၏ အခန်း..ဟူသော National Seminar Video မှတ်တမ်းများကိုတင်ပေးထားပါတယ်။

(https://www.youtube.com/channel/UCX3jnozedpkseaSQyDsaMIw)





## CBCM, 11.3.2016 တိုင်းရင်းသားများ၏အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလမ်းစဉ် Daw Khon Ja



Daw Khon Ja က တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလမ်းစဉ်ခေါင်းစဉ်ဖြင့်ဝေမျှခဲ့ပါသည်။

ဘယ်သူတွေက နယ်ခံတွေလဲ၊ ဘယ်သူတွေက တိုင်းရင်းသားတွေလဲ၊ မြန်မာနိုင်ငံမှာ တိုင်းရင်းသားတွေ ဘယ်နေရာ ဘယ်ဒေသမှာ နေထိုင်ကြသလဲ၊ သူတို့ဘယ်သွားဘယ်လာလေ့ရှိသလဲ၊ ဘယ်တိုင်းရင်းသားက ဘယ်လက်နက်ကိုင်တပ်ဖွဲ့အောက်မှာ နေနေရသလဲ၊ တိုင်းရင်းသားတွေဆီမှာ ဘာတွေရှိသလဲ၊ တိုင်းရင်းသားတွေနေထိုင်သည့် ဒေသများမှာ ဘာသယံဇာတတွေ ထွက်သလဲ၊ အဲ့ဒါတွေကို ဘယ်သူတွေက ချုပ်ကိုင်ထားပါသလဲ။

ရှမ်းပြည်နယ်မြောက်ပိုင်းထွက်သဘာဝသယံဇာတများနှင့်ပက်သက်ပြီးတရုတ်နှင့်အခြားနိုင်ငံများက(၃၅)ရာခိုင်နှုန်း၊စီးပွားရေးသမားများက(၅၆)ရာခိုင်နှုန်း၊ KIAလက်နက်ကိုင်တပ်ဖွဲ့တို့က (၁၈-၃၂)ရာခိုင်နှုန်း ရင်းနှီး မြှုပ်နှံထားကြတယ်။ ကချင်လူမျိုးများက(၁၃)ရာခိုင် နှုန်းသာ ရရှိကြတယ်။ တိုက်ပွဲတွေ အဖြစ်အများဆုံးနေရာဖြစ်ပြီး တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ တစ်ခုမဟုတ်တစ်ခု နေထိုင်ကြတဲ့ နေရာလည်းဖြစ်တယ်။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရကကျောက်စိမ်းကို (၁၁)လစာ ရောင်းချထားတယ်။ ဓါတုမျိုးစုံကိုလည်း နေ့စဉ် လတိုင်း ထုတ်ယူရောင်းချခဲ့သည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကို၂၀၁၃-၂၀၁၄မှာ စမ်းသပ်တူးဖော်ဖို့ လိုင်စင်ချခဲ့တဲ့ နေရာတွေလည်း ရှိတယ်။ ကုမ္ပဏီတွေကိုလည်း လိုင်စင်ထုတ်ပေးခဲ့တယ်။ နောင်လာနောင်သားများအတွက် တစ်စေ့တောင် ချန်မထားခဲ့ချင်ဘူး။ ဒီတော့ ကျွန်ုပ်တို့၏ သားသမီးတွေ ဘာများသုံးကြမလဲ။ ၂၀၁၃ ခုနှစ်တုန်းက ရေနံပိုက်လိုင်းတစ်လျှောက်မှာ ပြည်တွင်းစစ်ပွဲတွေဖြစ်၊ မွတ်ဆလင်နှင့် ဗုဒ္ဓဘာသာအကြား၊ ရခိုင်နှင့်ရိုဟင်ဂျာကြား ပြဿနာတွေဖြစ်နေတယ်။

ကချင်ပြည်မှာ တစ်ခုခုဖြစ်ရင် ကျွန်မတို့အဖွဲ့က လူတိုင်းကြားအောင်ပြောနိုင်ပေမဲ့ ပလောင်ဒေသမှာ၊ နာဂနေရာမှာတစ်ရွာလုံး သေသွားရင်တောင် မည်သူကသိနိုင်မှာလဲ။ လူတွေဆီသွားတောင် ဘယ်သူခေါ်ပေးနိုင်သလဲ၊ ဘယ်သတင်းဌာနက သတင်းအမှန်ကို ဖော်ထုတ်ပေးသလဲ။ အဲ့လိုဆိုရင်အခြားသောကိစ္စတွေ ကောမရှိနိုင် ဘူးလား။

တစ်ခုခုဖြစ်လို့ နာစရာရှိရင်တိုင်းရင်းသားတွေဘဲနစ်နာတာပါ။ အဲ့ဒါတွေသတိပြုစေချင်ပါတယ်။ ကျွန်ုပ်တို့တွေဟာ ဌာနေသားတွေဟုတ်သလား၊ မဟုတ်ဘူးလား၊ အရေးပါသလားမပါဘူးလား၊ အားလုံးက ငြိမ်းချမ်းရေးအတွက် ကြိုးစားကြမှဖြစ်မယ်။ ကာကွယ်ခြင်းက ကုသခြင်းထက်ပိုပြီးတော့ကောင်းတယ်။ ပြဿနာပြီးမှ လိုက်ကာကွယ်တာထက်၊ ခေါင်မိုးယိုမှ မိုးရေလိုက်ခံနေရတာထက်စာရင် ကြိုတင်ပြင်ဆင် ထားရင် ပိုမကောင်းဘူးလား။

အဲ့ဒီတော့ တရားမျှတမှုဆိုတာဘာလဲ။ အသံမထွက်နိုင်တဲ့သူတွေ ရဲ့အသံကို ဖော်ထုတ်ဖို့ အသင်းတော်ရဲ့ ကဏ္ဍတွေ အများကြီးရှိပါတယ်။ ဥပမာ CBCMမှတဆင့်၊ လူငယ်ရုံးမှတဆင့်၊ လူထုဆက်သွယ်ဆက်ဆံရေးရုံးတို့မှတဆင့် ရပ်တည်ပြောပေးလို့ရပါတယ်။ အသံထွက်ပေးနိုင်တဲ့ နည်းလမ်းတွေရှိပါတယ်။ Mediaနဲ့ဖြစ်ဖြစ်၊ စာနဲ့ဖြစ်ဖြစ် သတင်းပို့ပေးပါ။

သတင်းပေးတဲ့အခါမှာ What? Who? Whom? Where? Why? When? How? ဒီအချက်အလက်ပါဝင်အောင် ပို့ပေးမယ်ဆိုရင် တစ်ခုခုထူးခြားလာမှာပါ။ အသံထွက်ပေးဖို့ရာအားလုံးရဲ့တာဝန်ပါ။

## CBCM, 12 .3.2016 ညီအစ်ကိုခရစ်ယာန်များ၏ ငြိမ်းချမ်းရေးလမ်းစဉ် Daw Charity



MCC ဥက္ကဋ္ဌဟောင်းတစ်ယောက်ဖြစ်သူ ဒေါ်ချာရီတီမှ မြန်မာနိုင်ငံတည်ဆောက်ရာတွင် ခရစ်ယာန်များ၏အခန်းကဏ္ဍများပြောကြားခဲ့ပါသည်။

(၁)။ အားလုံးလွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ရှိတယ်။

(၂)။ ကိုယ်ရဲ့ယုံကြည်ချက် ကိုလွတ်လပ်စွာ ဝေငှပိုင်ခွင့်ရှိတယ်။ ဘုရားသခင်က လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး လူတိုင်းအပေါ်မှာ နေပူ၊ မိုးရွာစေတယ်၊ တူညီမျှတတဲ့ အခွင့်အရေးရသလို သူများဘာသာကို မှားယွင်းစွာမပြောဖို့နှင့် မပုတ်ခတ်ဖို့ရန် အရေးကြီးပါတယ်။

(၃)။ စည်းလုံးညီညွတ်ရပါမယ်။ စည်းလုံးမှုလို့ဆိုတဲ့အခါ ဘာသာတိုင်းက စည်းလုံး ဖို့ရန်လိုတယ်။

(၄)။ မြန်မာနိုင်ငံဟာ တရားမျှတမှု ဖြောင့်မတ်မှန်ကန်မှု ရှိလာလိမ့်မယ်ဆိုတာ ယုံကြည်မျှော်လင့်မိပါတယ်။

(၅)။ ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ခရစ်တော်သခင်သည် ငြိမ်းချမ်းရေးရဲ့သခင်ဖြစ်လာတယ်။ ကျွန်ုပ်တို့တွေဟာ လောကရဲ့အလင်း လောကရဲ့ ဆားဖြစ်ရမယ်။

**နိုင်ငံတော်တည်ဆောက်ရာတွင် ကက်လသစ်သာသနာတော်၏ ပါဝင်မှုအခန်းကဏ္ဍ** ဟူသောနိုင်ငံလုံးဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲ ဖြစ် မြောက်အောင်မြင်နိုင်အောင် ဦးစီးဦးဆောင်ပြုပေးခဲ့သော ကာဒီနယ် ချားလ်စ်ဘို နှင့် CBCM-Heraldတို့သီးသန့်တွေ့ဆုံရာတွင် ကာဒီနယ်၏ မြွတ်ကြားချက်များကို ပြန်လည်မြွတ်ကြားချက်များကိုဝေမျှလိုက်ပါသည်။

"သတင်းစကားနဲ့ပက်သက်ပြီးတော့...အခုအချိန်လိုအရေးကြီးတဲ့ အချိန်အခါမှာလူမျိုး၊ဘာသာမရွေးအားလုံးကတိုင်းပြည်ကိုတည်ဆောက်ဖို့ရန်အတွက် တာဝန်ဝတ္တရားရှိပါတယ်။ ကဏ္ဍတိုင်းမှာကိုယ့်ဘက်ကနေပြီးတော့လက်လှမ်းမှီသလောက် ကိုယ့်အသင်းတော်နဲ့ကိုယ့်မိသားစု တွေထဲကနေ အထူးကိုကြိုးစားမယ့်အရာ ဖြစ်တယ်။ (ဆွေးနွေးပွဲ) သင်တန်းရဲ့ ရည်ရွယ်ချက်ကလည်းအထူးသဖြင့်ပြည်တွင်းမှာစစ်ပွဲရပ်စဲရေးနှင့်တိုင်းရင်းသားတွေအားလုံး ငြိမ်းချမ်းရေးရရှိရေးကို ရည်ရွယ်ပြီးတဲ့နောက် ပထမရည်ရွယ်ချက်အနေနဲ့ တိုင်းရင်းသားတွေလို့ဆိုတဲ့ အခါမှာ ဆရာတော်မှအစအားလုံးက တိုင်းရင်းသားတွေဖြစ်ကြတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးရနိုင်ဖို့ရန်အတွက်ဆုတောင်းကြမယ်။ ဆရာတော်၊ ရဟန်းတော်နှင့်သီလရှင် ဘာသာတူအတွက်ဆုတောင်းပေးတဲ့အပြင်သူတို့တွေကိုငြိမ်းချမ်းမှုမှာပါဝင်လုပ်ဆောင်ကြရန် အတတ်နိုင်ဆုံးနိုးဆော်ကြဖို့၊ ငြိမ်းချမ်းမှသာ နိုင်ငံတော်က တိုးတက်မှာ ဖြစ်တယ်။

ဒုတိယရည်ရွယ်ချကက ပညာရေးနှင့်ပက်သက်ပြီး ဆရာတော်များပါဝင်တဲ့အပြင် ရဟန်းတော်များ၊ ဘရာသာရ်၊ စစ္စတာရ်များရဲ့ ကဏ္ဍလည်း အတော်ပက်သက်ပါတယ်။ လွန်ခဲ့တဲ့အနှစ်(၄၀/၅၀) အတွင်းမှာ ပညာရေးနိမ့်ကျရခြင်းဟာလည်း စိုးရကချုပ်ကိုင်ထားလို့ဖြစ်တယ်။



တစ်ဦးတစ်ယောက်တည်းဆိုရင် ဘယ်တော့ မှတိုးတက်လာမှာ မဟုတ်ဘူး။ အားလုံးပါ ဝင်ကြဖို့ လိုတယ်။ ကလေးများ အတွက် ကောင်းမွန်တဲ့ ပညာရေးမရှိဘူး ဆိုရင်မြန်မာနိုင်ငံရဲ့ အနာဂတ် လည်းရှိမှာမဟုတ်ဘူး။

တတိယအနေနဲ့ တရားမျှတမှုနဲ့ပက်သက်ပြီး သယံဇာတ ကြွယ်ဝမှုတွေဟာ အများပိုင်းက တိုင်းရင်းသားတွေနေတဲ့ နေရာတွေမှာ ရှိနေတဲ့အတွက်ကြောင့် အစိုးရအနေနဲ့တရားမျှတတဲ့အပြင် တိုင်းရင်း သားတွေရဲ့ ရပိုင်ခွင့်ကိုသိရှိပြီးတဲ့နောက် ရသင့်ရထိုက်သောအသိတရား တွေအတွက် ကြွေးကြော်ဖို့အပြင် ရထိုက်အောင်လည်းလုပ်ဆောင်ဖို့ရန် အရေးကြီးတယ်။ အဲ့ဒီကဏ္ဍ သုံးခု ထဲမှာပေ့ါနော လောလောဆယ် ဒီအစည်းအဝေးရဲ့ ရည်ရွယ်ချက်လည်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဆရာတော်ကြီးတွေကအစ ဟိုး...ရွာမှာရှိတဲ့ ဘာသာတူတွေတိုင်အောင် အားလုံး ဝိုင်းဝန်းပြီးတော့ ကြိုးစားရမယ်။ ဆုတောင်းခြင်းကြောင့် နိုင်ငံတော်ကြီးက ပြောင်းလဲလာသလို ဒီဆုတောင်းခြင်းကို ဆက်လက် အားကိုးပြီး ကြိုးစားဆုတောင်းဖို့ရန်အတွက် အထူးအရေးကြီးပါတယ်။ ခရစ်ယာန်ဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာဖြစ်ဖြစ်၊ ဟိန္ဒူ၊ မွတ်ဆလင်ဖြစ် မေတ္တာ တရားနှင့် ပြည့်ဝတဲ့ ဓမ္မဒီမိုကရေစီဖြစ်နိုင်ဖို့ရန်အတွက် ကြိုးစား ကြရမှာဖြစ်ပါတယ်။

---

**နိုင်ငံတော်တည်ဆောက်ရာတွင် ကက်လသစ်သာသနာတော်၏ ပါဝင်မှုအခန်းကဏ္ဍ** ဟူသောနိုင်ငံလုံးဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲသို့ ကြွရောက်လာသော မြဝတီဆရာတော် အရှင်အာရိဝံသာဗိဝံသာ အားလာမည့်နှစ်များတွင် မြန်မာနိုင်ငံတော်ကို မည်ကဲ့သို့ တည်ဆောက်စေလိုကြောင်း CBCM Herald စာဖတ်သူများအတွက် သတင်းစကား မြွက်ကြားပေးပါရန် လျှောက်ထားမေးမြန်ရာ မြဝတီဆရာတော်ကြီ မြွက်ကြားချက် များကို ဝေမျှလိုက်ပါသည်။

နိုင်ငံတော်ကိုတည်ဆောက်တဲ့အခါမှာ-ဗုဒ္ဓရဲ့အတွေးအခေါ် သစ္စာ(၄)ပါး နှင့် အမှန်တရား(၄)ခု ရှိတယ်။

၁။ ဒုက္ခ- ဒုက္ခဆိုတာတစ်ဦးချင်းစီ၌ရှိတယ်၊ အဖွဲ့အစည်းတိုင်း၌လည်း ရှိတယ်၊ နေရာတိုင်းမှာရှိတယ်။

၂။ ဒုက္ခဖြစ်ခြင်း၏အကြောင်းတရား-ဒုက္ခရှိရင်ဒုက္ခကိုငြိမ်းစေသော အရာရှိတယ်သလို နည်းလမ်းရှိတယ်။

၃။ ဒုက္ခချုပ်ငြိမ်းခြင်း-အပူအပင်တွေငြိမ်းရင် ချမ်းအေးသလို တစ်နေကုန်ပင်ပန်းလာလို့ အိပ်ပျော်သွားရင်လန်းလာသလိုမျိုးပါ

၄။ ဒုက္ခချုပ်ငြိမ်းရန်နည်းလမ်း- ဒုက္ခရှိရင်ဒုက္ခချုပ်တာရှိတယ်။ ဆင်းရဲရှိရင် ချမ်းသာ ဆိုတာရှိတယ်။ အမှောင်ရှိရင် အလင်းဆိုတာရှိတယ်။ အပူရှိရင် အအေးဆိုတာရှိတယ်.....

ပြောချင်တာက အမှန်တရားကို သိမြင်ခြင်း၊ မှန်မှန်ကန်ကန် သိခြင်းတွေ ရှိရင် ဒုက္ခတွေ ငြိမ်းပျောက်ကြမှာ ဒုက္ခတွေဘာလို့ မငြိမ်းလည်း ဆိုရင် အမှန်တရားကိုမမြင်မသိခြင်းကြောင့်ပါ။ အဲ့ဒါကြောင့် ဒုက္ခကဆင်းရဲခြင်းဘက်မှာရောက်ကုန်တာ။ အမှန်တရားကိုသိရင် ချမ်းသာတဲ့ဘက်မှာရောက်ကုန်မှာလေ။ ဒီအမှန်တရားတွေက ဘယ်မှာရှိသလဲဆိုရင် ဘာသာ တရားထဲမှာ ဘဲရှိတယ်။ အခုဘုန်းကြီးတို့ ဘာသာပေါင်းစုံကို တန်ဖိုးထား တယ်ဆိုတာ အဲ့ဒါကြောင့်ပါ။ ဘယ်သူ့နှုတ်ကထွက်ထွက် သူ့ရဲ့ပညာ၊ သူ့ရဲ့စေတနာ၊ သူ့ရဲ့အတွေးအခေါ်တွေ၊ အမှန်တရားတွေ ပါလာနိုင်တယ်။ အားလုံး လေးစားရတဲ့ တမန်တော်ကြီးတွေမှာ သာမာန် လူသားများ ထက်သာ သေးတယ်။

ဒီအမှန်တရားတွေကို လူသားတွေကပိုသိလာပြီးကျင့်သုံးလာရမှာ။ သိလျက်နှင့် မကျင့်သုံးဘူးဆိုရင် ဆေးကြီးဖော်ပြီးတော့မကျင့်သုံးတော့လည်း ရောဂါ မပျောက်ဘူးပေ့ါ။ ဒီအမှန်တရားကိုဘာသာရေးကပေးတာပဲ။ မစားတော့လည်း ရောဂါမပျောက်ဘူးပေ့ါ။အမှန်တရားကိုဖော်ထုတ်နိုင်ဖို့ အင်မတန်မှ အရေးကြီးတယ်။ အမှန်တရားလမ်းကြောင်းကနေ

ဘာသာရေးကိုလေ့လာရင် လွဲချော်မသွား ဘူးလားဆိုတော့ လွဲချော်သွားနိုင်တယ်။ ဒါကြောင့် ချဉ်းကပ်ပုံ၊ လေ့လာပုံက အရေးကြီးတဲ့ကဏ္ဍ ဖြစ်လာတယ်။ အမှန်တရားရအောင် ဘယ်လိုလေ့လာမလဲ... ဘုန်းကြီးကိုယ်တိုင် ရွှေတောင်ရောက်ပြီးတော့ လနဲ့ချီပြီးနေခဲ့တယ်။ ရွှေကိုဘယ်လိုလုပ်ယူရသလဲဆိုတာနောက်မှသိလာခဲ့တယ်။ကျောက်တုံးကြီးကိုဓာတုဗေဒပစ္စည်းသုံးပြီး အမျိုးမျိုးချေဖျက်၊ ထု၊ နောက်ဆုံးမှရွှေကို ရလာတာ။

ဘုန်းကြီးမေးချင်တာက ဘာသာရေးသွန်သင်ချက်ကို ချဉ်းကပ်လို့ လွယ်လွယ်နှင့် ရွှေရ မလားပေ့ါ... အများကြီးကြိတ်ချေ၊ စီစစ်ပြီး ရွှေကိုရအောင်ယူမှ ရွှေဆိုတာ ရလာတာ။ အဲ့တော့ဘုန်းကြီးက ကိုယ့်ဘာသာ၊ သူ့ဘာသာ၊ ဘာသာရေး အားလုံးကိုသွားပြီးတော့မြင်မိတယ်။ သူတို့တွေကို မေးချင်တယ်။ လွယ်လွယ်နဲ့ ရွှေရမလား..... အမြင်မှန်တွေချပေးတာကို အမြင်မလွဲအောင် အနှစ်စစ်ရအောင်၊ ရွှေစစ်စစ်ရအောင်ယူတတ်မှ ဖြစ်အုံးမှာလေ။ ငြိမ်းချမ်းရေးကိုဖြန့်ဝေပေးနိုင်မှ အင်မတန် အထောက်အကူ ပြုနိုင်မယ်။ အခုလို ကောင်းတဲ့အမြင် ဖွင့်သင်တန်းဖွင့်လှစ်ခြင်းဟာ ငြိမ်းချမ်းရေး အတွက် ရောမအလင်းရောင်ကြီးလိုပါပဲ၊ နေမင်းကြီး ထွက်လာသလို အောက်မေ့မိတယ်၊ အမှောင်ထုကနေ လွန်ပြီးတော့မှ နေထွက်သလို အောက်မေ့မိတယ်၊ ဒီလိုဘဲဘုန်းကြီးတို့တတွေက ချစ်ချစ်ခင်ခင်နှင့်ခရီးသွားကြရမှာ၊ ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင် တွေ့ဆုံသင့်တာပါ။ ဟင်းရွက်မျိုးစုံမြည်းကြည့်သလိုပေ့ါ၊ ကိုယ့်ဟင်းကို မြည်းလိုက်၊ သူ့ဟင်းကို မြည်းကြည့်ပေ့ါ။ ဒီလိုနဲ့ တစ်ဦးရဲ့ဟင်းအနှစ်သာရကို တစ်ဦးကသိလာ မှ...တစ်ဦးကိုတစ်ဦးလေးစားမှာသာ ငြိမ်းချမ်းမှာပေ့ါ .......

## လူငယ်များအတွက်ခေတ်၏စိန်ခေါ် သံများ

လှိုင်ကော်ကက်သလစ်သာသနာ လူငယ်တာဝန်ခံဘုန်းတော်ကြီး၊ စစ္စတာရ်နှင့် သာသနာလုံးဆိုင်ရာ လူငယ်အမှုဆောင်များ ကြီးမှူး၍ လူငယ့်ဘဝရေးရာ အမြင်ဖွင့်သင်တန်းတစ်ရပ်ကို (၂၆ ရက် မတ်၊၂၀၁၆)ရက်နေ့အထိ စိန်ဘက်နဒစ်ရိပ်သာတွင် တိုက်နယ် အသီးသီးမှ လူငယ့်ခေါင်းဆောင်များ(၁၀၅)ဦးအတွက် ဖွင့်လှစ်ခဲ့သည်။

သင်တန်း၏ မတ်လသုံးရက်နေ့တွင် မိမိကိုယ်ကို စီမံခန့်ခွဲခြင်း ဘာသာရပ်ကို စစ္စတာရ်ဒေါ်မိနစ်မြသန်းက ပို့ချရာတွင် ဆယ်ကျော်သက် အရွယ်လူငယ်အများစုသည် ကိုယ့်ကိုကိုယ် စီမံခန့်ခွဲခြင်း မလုပ်နိုင်ခြင်းကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခြင်း၊ လမ်းမှားရောက်ခြင်း၊ ပျက်စီးဆိုးသွမ်းလာခြင်း တို့ဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် လိင်ကိစ္စများတွင် စိတ်လှုပ်ရှားမှုများခြင်း၊ ထိန်းချုပ်နိုင်မှုမရှိခြင်း၊ ရက်ကြောက်ဖုံးကွယ် နေတတ်ခြင်း၊ ပွင့်လင်းမှုမရှိခြင်းတို့ကြောင့် များစွာ ပျက်စီး နေကြပါသည်။ မိမိ၏ခန္ဓာကိုယ်ကို တန်ဖိုးမထား တတ်ခြင်း၊ စိတ်အလိုလိုက်ခြင်း၊ ပျော်ရွှင်မှုတစ်ခုကိုသာကြည့်ခြင်းဖြင့် ဘဝပျက်နေကြကြောင်း၊ ထို့ကြောင့်လူငယ်ဘဝတွင် မိမိ၏ခန္ဓာကိုယ်ကို တန်ဖိုးထားကာ မိမိကိုယ်ကို စီမံခန့်ခွဲခြင်းဖြင့် မိမိကိုယ်ကို ထိန်းချုပ်သင့်ကြောင်း သိရှိခဲ့ရပါသည်။

မတ်လ(၄)ရက် ပထမအချိန်တွင် လူငယ်နှင့် ယုံကြည်ခြင်း အကြောင်းကို ဘုန်းတော်ကြီး အာဖြာဟန်အားညီက ပို့ချပေးခဲ့သည်။ ယနေ့လူငယ်များအနေဖြင့် ဘာသာတရားအပေါ် သက်ဝင်ယုံကြည်မှု လျော့နည်းလာကာ ထုံးတမ်းစဉ်လာအရသာ ကိုးကွယ်မှု ဘာသာကူးပြောင်းမှု၊ ဘာသာရေးဘက်စိတ်ဝင်စားမှုလျော့နည်းလာခြင်းတို့ကို တွေ့နေရပါသည်။ ယုံကြည်ခြင်း၏တန်ခိုးနှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ယုံကြည်ရမည့်အရာများ၊ ယုံကြည်ခြင်းအဆင့်ဆင့်၊ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်း၏ ကွဲပြားမှု၊ ယုံကြည်ခြင်း(၂)မျိုးအကြောင်း၊ ယုံကြည်ခြင်းကိုဝန်ခံစစ်ကြောရမည့်အကြောင်း၊ ယုံကြည်ခြင်းနှင့်အကျင့်၊ ယုံကြည်ခြင်း အတွေ့အကြုံများစသည့် အကြောင်းများသိရှိ ရပါသည်။

ဒုတိယအချိန်တွင် လူငယ်နှင့်တမန်တော်လုပ်ငန်း အကြောင်းကို ဘုန်းတော်ကြီး ချဲလ်ဆိုဘရွှေက ဆက်လက်ပို့ချပါသည်။ ထိုပို့ချချက်များမှ လူငယ်နှင့်တမန်တော်လုပ်ငန်းမှာ ခွဲခြား၍မရကြောင်း၊ ကျမ်းစာထဲမှ တမန်တော်များအကြောင်း၊ တမန်တော်လုပ်ငန်း အောင်မြင်ရန်မှာ သမ္မာကျမ်းစာဖတ်ရှုခြင်းနှင့် ဆုတောင်းခြင်းများလည်း လိုအပ် ကြောင်း၊ တမန်တော်လုပ်ငန်းတွင် ပါဝင်သူများ ထားရှိရမည့်စိတ်ထား များအကြောင်း၊ တမန်တော်လုပ်ငန်းသည် လူငယ်တို့၏ နေ့စဉ် ဘဝနှင့်ဆက်စပ်နေသော သတင်းကောင်းဖြစ်ကြောင်း အစရှိသည့် အကြောင်းအရာများကို သိရှိနားလည် ရပါသည်။

ဆက်လက်၍ညနေပိုင်းတွင် လူငယ်နှင့်စာပေမီဒီယာလွှမ်းမိုးမှုအကြောင်းကို စာရေးဆရာဦးစိုးရာဇာ(ခ)ဦးစိုးညွန့်ဝေမှ ပို့ချပေးပါသည်။ ယနေ့ခေတ်လူငယ်များသည်စာဖတ်ရန်အချိန်မပေးနိုင်ကြောင်း၊ ဘဝအတွက်ရှုန်းကန်သည့်အချိန်ပို၍များနေကြောင်း၊ ထို့အပြင် မီဒီယာလွှမ်းမိုးမှုများကြောင့် လက်ထဲတွင် ဖုန်းများဖြင့်သာ အလုပ်ရှုပ်နေကြကြောင်း၊ ထိုသို့ ရုပ်ဝတ္ထုပစ္စည်းများတိုးတက်လာသော်လည်း မှန်ကန်စွာအသုံးမပြုတတ်သောကြောင့် လမ်းလွဲရောက်နေကြကြောင်း ပညာရေးစနစ်ဆိုးကြောင့် လူငယ်များသည် စာဖတ်အားနည်းလာရကြောင်း၊ စာပေဗဟုသုတများကိုရှာဖွေလေ့လာမှသာ ခေတ်မီသောနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ အနေဖြင့် စာပေ များကို ဖတ်ရှုလေ့လာသယ်ပိုးရန်လိုကြောင်း မှတ်သားရသည်။

မတ်လ(၅)နေ့တွင် ဘုန်းတော်ကြီးရီးချက်သူရထွန်းနှင့် ဖိလစ်ဆော်ရယ်တို့က လက်ထပ်ထိမ်းမြားခြင်းစက္ကရာမင်းတူး မင်္ဂလာနှင့် မျိုးစောင့် ဥပဒေအကြောင်း ပို့ချပါသည်။ လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာသည် လူငယ်များနှင့်များစွာသက်ဆိုင်ကြောင်း၊ စက္ကရာမင်းတူး၏ အဓိပ္ပါယ်ရည်ရွယ်ချက်များကိုသိရှိခဲ့ရပါသည်။ လက်ထပ်ခြင်းသည် ဘုရားသခင်၏စီမံကိန်းတစ်ခုဖြစ်ကြောင်း အလေးထားသင့်ကြောင်း ခရစ်တော်နှင့် လက်ထပ်ခြင်းစက္ကရာမင်း၏ဆက်နွယ်မှု၊ ကက်သလစ်သာသနာ၏သွန်သင်ချက် လက်ထပ်ထိမ်းမြားခြင်း၏ အကျိုးသက်ရောက်မှုနှင့် ကျေးဇူးတော်များအကြောင်းကို သိရှိရပါသည်။ မျိုးစောင့်ဥပဒေတွင် ပါဝင်သည့်အချက်များ ကာနန်လောနှင့် ဆန့်ကျင် နေသည့် အချက်များကိုလည်းသိရှိခွင့်ရခဲ့ပါသည်။

ဘုန်းတော်ကြီးဒေးဗစ်ဘူညားက ယနေ့စိန်ခေါ်မှုနှင့်တုန့်ပြန်မှု အကြောင်း ပို့ချရာတွင်လူငယ်များတွင်ထားရှိသင့်သည့် ဘဂရည်မှန်းချက်အကြောင်း အသင်းတော်နှင့်လူငယ်များအတွက် လုပ်ဆောင်ပေးနိုင်မည့်တာဝန်များအကြောင်း ဘဝကိုတန်ဖိုးရှိစွာနေထိုင် သင့်ကြောင်း၊ ယနေ့ခေတ်၏ စိန်ခေါ်မှုများဖြစ်သည့် မူးယစ်ဆေးဝါးများ သုံးစွဲခြင်း၊ အလုပ်အကိုင်ရှားပါးလာခြင်း၊ မီဒီယာလွှမ်းမိုးခြင်းနှင့်ဘာသာ ရေးအားနည်းလာခြင်းများကို မည်ကဲ့သို့တုန့်ပြန် ဖြေရှင်းရမည်ဖြစ် ကြောင်း သိရှိလေ့လာခဲ့ရကြောင်း သတင်းရရှိပါသည်။ (Sr. Ah Mu)



## M-CHAN HIV/AIDS ရုံးမှဝန်ထမ်းများ၏ ဝိညာဉ်ရေးခရီးစဉ်

HIV ဝေဒနာသည်များအားပြုစုစောင့်ရှောက်သူများ အားသစ်လောင်းဝတ်စောင့်ခြင်းကိုတောင်ကြီးမြို့ရှိစေတမန်စစ္စတာရ်ကျောင်းတွင် (၃-၅)၊၃၊၂၀၁၆ ထိပြုလုပ်ခဲ့ပါသည်။ဝတ်စောင့်ခြင်းတွင်သာသနာဆယ်ခုမှ M-CHAN အဖွဲ့ဝင်များ စုစုပေါင်း (၂၆)ဦးပါဝင်ခဲ့ကြပါသည်။

ဝတ်စောင့်ခြင်းအခမ်းအနားပထမနေ့တွင် Bishop Basilio Athai မှ "ဘုရားသခင်၏နှုတ်တော်ထွက်စကားကို ဘဝအသက်တာတွင် ပြန်လည်ဖေါ်ထုတ်ပြီးအမြဲ ဆန်းသစ်စေရန်၊ အသင်းတော်၏ လုပ်ငန်းဆောင်တာများတွင် နှလုံးသားဗဟိုအချက်အချာနေရာအဖြစ် နှုတ်တော်ထွက်စကား ပိုမိုပြည့်ဝစွာပါဝင်နိုင်စေရန်နှင့် သမ္မာကျမ်းစာ တမန်တော်လုပ်ငန်းတွင် ပိုမိုတက်ကြွစွာပါဝင်ကြရန်၊ ချစ်ခြင်းမေတ္တာနှင့် ခေါင်းဆောင်နိုင်ရန်အတွက် စိတ်ရှည်သည်းခံခြင်း၊ ကြင်နာခြင်း၊ ယုံကြည်စိတ်ချခြင်း၊ ကိုယ်ကျိုးမဖက်ခြင်း၊ ရိုးသားဖြောင့်မှန်ခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ ဘုရားရှင်၌စူးစိုက်နစ်မြုပ်ခြင်း" စသည့်အချက်များကို ကျမ်းစာပိုဒ်များ နှင့် ရှင်းလင်း မြွက်ကြားခဲ့ပါသည်။

M-CHAN ၏ ဝိညာဉ်ရေးလမ်းညွှန်ဘုန်းတော်ကြီးခရစ်တိုဖာရာဂျုံမှ လူသားသည် ဘုရားသခင်ကို ချစ်ခင်အားကိုးလျက် မှီခိုနေခြင်းဖြစ်ကြောင်းမိန့်ကြားခဲ့ပါသည်။ နောက်ဆုံး၌ဝတ်စောင့်ခြင်းတွင်ပါဝင်သူများသည် မိမိတို့၏အတွေ့အကြုံများကို အချင်းချင်းဖလှယ်ကြကာ ဝတ်စောင့်ခြင်းကိုပူဇော်ခဲ့ကြောင်း သတင်းရရှိပါသည်။(မော်နီကား m-chan)




## CBCM KMSS — လူထုကိုယ်တိုင်ဦးဆောင်သည့်ဖွံ့ဖြိုးရေး

(KMSS)ကရုဏာရုံးမှ ပြုလုပ်သောလူထုကိုယ်တိုင် ဦးဆောင်သွားသည့်ဖွံ့ဖြိုးရေးသင်တန်းကို(၇-၁၁)၊မတ်၂၀၁၆ ရက်နေ့ထိ ၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ရှိ ကက်သလစ် ဆရာတော်ကြီးများကျောင်းတိုက်၌ကျင်းပပြုလုပ်ခဲ့ပါသည်။ သင်တန်းသို့ KMSS ရန်ကုန်မှဝန်ထမ်းများ၊ ပုသိမ်၊ တောင်ငူ၊ မော်လမြိုင်၊ ဘားအံ၊ ဟားခါး၊ ကလေး၊ လားရှိုး ကရုဏာရုံးများမှတာဝန်ရှိသူများ၊ ဂလိုရီယာဂျာနယ်၊ RVA၊ မေတ္တာဖောင်ဒေးရှင်း၊ Asia DRRHA၊ Justice and Peace နှင့်၊ ဂလိုရီယာဂျာနယ်တို့မှဝန်ထမ်းစုစုပေါင်း(၃၀)ဦးတက်ရောက်ခဲ့သည်။

၎င်းသင်တန်းတွင်Asset Based community development (ABCD)လူထုဖွံ့ဖြိုးရေးကို လူထုတွင်ရှိသောအရင်းအမြစ်များနှင့်အခြေခံ၍ ဖွံ့ဖြိုးရေးလုပ်ဆောင်ရန်၊ Appreciate Inquire (AI)လူထု ဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် အဖွဲ့အစည်း၌ ဆင်းရဲချမ်းသာမခွဲခြားဘဲ လေးစားတန်ဖိုးထားရန်၊ Project နှင့်ပက်သက်သောResearch Based Management (RBM)စသည်တို့ကိုပို့ချခဲ့ကြောင်းသိရပါသည်။

၎င်းသင်တန်းပြုလုပ်ရချင်းမှာ"လူထုအဖွဲ့အစည်းများရှိ လိုအပ်ချက်များကိုလိုက်လံဖြည့်ဆည်းပေးသောပုံစံမျိုးမဟုတ်ဘဲလူထုကိုယ်တိုင်မိမိတို့၏အစွမ်းဖြင့်လုပ်ဆောင်ခြင်းဖြင့်ရေရှည်တည်တံ့နိုင်ပြီးပြဿနာများကို ဖြေရှင်းရာတွင် ပိုမိုကောင်းမွန်စွာ ဖြေရှင်းတတ်စေရန်" စသောရည်ရွယ်ချက်များနှင့် ပို့ချခြင်းဖြစ်ကြောင်း ကရုဏာရုံးတာဝန်ရှိ သူတစ်ဦးထံမှ သိရှိရပါသည်။ (CBCM-osc)

## လားရှိုး — သာသနာတော်၏တိုးတက်မှုများ

လားရှိုးကက်သလစ်သာသနာ ပန်းတောကျေးရွာတွင် (၅၊၃၊၂၀၁၆) စနေနေ့၌ ဆရာတော်ဖိလစ်ဇဟောင်းမှ အရှည် ပေ(၅၀)၊ အကျယ်(၂၅)ပေရှိ အုတ်ဖြင့်ဆောက်လုပ်သော ယေရှုးရွှေနှလုံးတော် ဘုရားကျောင်းဆောင်သစ်ကို ကောင်းကြီးပေးဖွင့်လှစ် ခဲ့ပါသည်။

နံနက်(၁၀း၃၀)နာရီတွင် ဆရာတော်ဘုရားနှင့်အတူကျောင်းထိုင်ဘုန်းတော်ကြီးဂျိုလီယန်၊ ဖာသာရ်လွီးဂျီလွမ်းဒေါင်တို့မှ ကျေးရူးတင် မစ္ဆားတရားတော်မြတ်ကို ပူဇော်ပေးခဲ့ကြပါသည်။

ထိုယေရှုးရွှေနှလုံးတော်ဘုရားကျောင်းသည် ၁၉၉၅ ခုနှစ် ဘုန်းတော်ကြီးသောမတ်စ်လက်ထက်၌အလှူရှင်ဦးလဖိုင်ထိန်နိဘရန်အောင်မှလှူဒါန်းပေးခဲ့သောဘုရားကျောင်းဆောင်ဟောင်းကိုပြန်လည်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာရန်ကုန်မှအမည်မဖော်လိုသူအလှူရှင်တစ်ဦးက ပြန်လည်လှူဒါန်းပေးခဲ့ပါသည်။ပန်းတောကျေးရွာတွင် အိမ်ခြေ(၂၀)ရှိ၍ ဘာသာတူအိမ်ခြေမှာ(၁၄)အိမ်ရှိပြီး အိမ်ခြေမများသော်လည်း စည်းလုံးညီညွတ်ကြခြင်းကြောင့် ဘုရားကျောင်း ဆောင်သစ် ဖြစ်မြောက်ရန်အတွက် လူအင်အား၊ ငွေအင်အားများဖြင့် ဝိုင်းဝန်းကူညီကြသည်ကို သီလရှင် R.T ထံမှသိရှိရပါသည်။

ဆက်လက်၍လားရှိုးကက်သလစ်သာသနာ မိုးမိတ်တိုက်နယ်တွင်လည်း ဘုန်းတော်ကြီး Paul Gan Seng အမှူးပြု၍ ဆောက်လုပ်ပြီးစီးခဲ့သော ဘုန်းတော်ကြီးကျောင်းတိုက်သစ်အား (၈၊၃၊၂၀၁၆)အင်္ဂါနေ့၊ နံနက်(၈း၀၀)နာရီတွင် ဆရာတော်ကြီး ဖိလစ်ဇဟောင်းမှ ကောင်းကြီးပေး ဖွင့်လှစ်ခဲ့ပါသည်။ မစ္ဆားတရားတော်မြတ်ပူဇော်ရာတွင် ဘုန်းတော်ကြီး (၁၂)ပါးပါဝင်ပူဇော်ခဲ့ကြပြီး ကျောင်းတိုက် ဖွင့်ပွဲတွင် ကလေးငယ်(၅၄)ဦးကိုလည်း ခရစ္စမတ်(စ်) အားပေးခြင်း မင်္ဂလာပေးခဲ့ကြောင်းသိရပါသည်။

ကျောင်းထိုင်ဘုန်းတော်ကြီး Paul Gan Seng မှ ကျောင်းတိုက်သစ်ဖြစ်မြောက်ရန်အတွက် ငွေအင်အား၊ လူအင်အားဖြင့် ပါဝင်ကူညီပေးကြသော ရပ်နီးရပ်ဝေးမှ ကျေးရူးရှင်များအား ကျေးရူးတင်စကားပြောကြားခဲ့ကြောင်း၊ ကျောင်းတိုက်သစ်ဖွင့်ပွဲသို့ စစ္စတာရ်များ၊ ဘရာသာရ်များနှင့် ဘာသာတူ စုစုပေါင်း(၄၀၀)ကျော်ပါဝင်ခဲ့ကြောင်း သတင်းရရှိပါသည်။ Sr.R.T

## ကျိုင်းတုံ — ကျိုင်းတုံသာသနာ၏သတင်းနှင့်ဓာတ်ပုံ





အရှေ့ပိုင်း ရှမ်းပြည်၊ ကျိုင်းတုံသာသနာ၊ တုံကွာ သာသနာ အုပ်စုရှိ ကျိုင်းတုံသာသ နာ၏ဘုရားဖူးဗဟိုအဖြစ် သတ်မှတ် ထားသော၊ မာဟင်ငွဲ၊ လုဒ်မယ်တော် ပွဲနေ့ ကို၊ မတ်လ(၁၇-၁၉)ရက်တွင် ကျင်းပခဲ့ပါသည်။ မဟောငွဲလုဒ်မယ်တော် ဘုရားဖူးနေရာ သည် မကြာမီ ရဟန္တာတင်မြောက်မည့် ဘုန်းတော်ကြီးစတီးဗင်းဂေါင်း၏ ခြေရာလက်ရာတော်စွဲထင်ကျန်ခဲ့သော မြေသားကျောက်စိုင်ပေါ် သေးငယ်သောမယ်တော်ဆင်းထုတည်ခဲ့သည့်နေရာပင်ဖြစ်သည်။ထို မယ်တော်ဂူကိုမာဟင်ငွဲဟုရှမ်းဘာသာစကားဖြင့်ခေါ် သွင်ခြင်းဖြစ်ပြီး၊ အဓိပါယ်မှာ 'ကျောက်စွယ်' ဟုဆိုလိုပါသည်။အမိမယ်တော်အား မိမိတို့ရိုးရာ ဓလေ့ဘာသာစကားအမျိုးမျိုးဖြင့် ဂုတ်ပြုကိုးကွယ်ခြင်းဖြင့် ဆုတောင်းပတ္တနာပြုကြပါသည်။သမ္မာကျမ်းစာ၊ စိပ်ပုတီးဖြင့် သရုပ်ပြဆုတောင်းခြင်း၊ခရစ်တော၏ ဒုက္ခစရိယာလမ်းတော်ကိုထောက်ရှုဆုတောင်း ခြင်းနှင့် ကိုယ်တော်မြတ် ဖူးမြော်ခြင်းများပြုလုပ်ခဲ့သည်။ မတ်လ(၁၉) ရက်နေ့ ဘုရားဖူးဘာသာတူများအတွက်၊ အင်ဒူဂျင်းသျှားကျေးရူးတော်ကိုလည်း ခံယူနိုင်ရန်ပြင်ဆင်ထားပြီး ပွဲတော်နေ့၏ မစ္ဆားတရားကို၊ဆရာတော် ဦးဆောင်၍ ပူဇော်ပေးခဲ့ပါသည်။ မတ်လ (၁၉) ရက်နေ့၌ (၂၀၁၅-၂၀၁၆)၊ ပြင်ဦးလွင်၊ ရဟန်းဖြစ် တက္ကသိုလ်ကျောင်းသို့ဝင်ခွင့်စာမေးပွဲကို၊ကျိုင်းတုံသာသနာမှ နှစ် ဦး ဖြေဆို အောင်မြင်ခဲ့ပါသည်။ ထိုဖြေဆိုအောင်မြင်ခဲ့သူ နှစ်ဦးအား၊ ဂုတ်ရုံသင်္ကန်းကို၊ မတ်လ(၁၉) ရက်နေ ့၊ မစ္ဆားတရားအတွင်း၌၊ ဆရာတော် ဘုရားမှဆင်မြန်းပေးခဲ့ပါသည်။ (ရှိစ့် SdP)





## ပုသိမ် သာသနာ ရှားခဲသာသနာ သံဃုဇယ်ပွဲတော် ကျင်းပ

ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် ရှားခဲသာသနာတွင် ၁၉၊၃၊၂၀၁၆ စနေနေ့တွင် သံဃုဇယ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ထိုပွဲသို့ ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ ကာဒီနယ်ချားလ်စ်ဘိုကြွရောက်အားပေးခဲ့ရာ ပွဲတော်အကြိုညနေ (၆)နာရီတွင် ကာဒီနယ်ချားလ်စ်ဘိုအား ရှားခဲသာသနာဘာသာဝင်များက ကြိုဆိုကြပြီး ကာဒီနယ်အား ကရင့်ရိုးရာ ကရင်ဒုံးယိမ်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ည(၁၀)နာရီတွင် သံဃုဇယ်ပွဲတော်၏ အပိတ်မစ္ဆားတရားတော်မြတ်ကို ပူဇော်ခဲ့ကြပါသည်။ ၁၉၊၃၊၂၀၁၆ နေ့ နံနက်(၇း၃၀)နာရီတွင် ကာဒီနယ်ချားလ်စ်ဘိုမှ ဦးဆောင်၍ ရဟန်းတော်(၂၈)ပါး ခြံရံလျက် ဘာသာဝင်(၁၅၀၀)ကျော်နှင့်အတူ သံဃုဇယ်မစ္ဆားကို ပူဇော်ခဲ့ပါသည်။

မစ္ဆားတရားတွင် ကာဒီနယ်မှ သံဃုဇယ်၏ စိတ်ငြိမ်ခြင်းအကြောင်း၊ အလုပ်ကြိုးစားခြင်းအကြောင်း၊ အဘသံဃုဇယ်ကဲ့သို့ အိမ်မက်မက်ရမည့်အကြောင်း၊ ဘုရား၏အလိုတော်ကိုလက်ခံတတ်ရမည်ဆိုသည့်အကြောင်း ဘာသာဝင်သားသမီးများအားတရား ရေအေးတိုက်ကျွေးခဲ့ပါသည်။ ရှားခဲသာသနာ သံဃုဇယ်ပွဲကို ကာဒီနယ်ချားလ်စ်ဘိုမှ နှစ်(၂၀၀၀)မှ စတင်ကာ ဘုရားဖူးနယ်မြေအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း(၁၆)နှစ်တိုင်တိုင် သံဃုဇယ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေဆဲ ဖြစ်ပါသည်။ ဤပွဲတော်တွင် NLD မှ မန်းရော်နီနှင့် အဖွဲ့ဝင်များလည်း ပါဝင် တက်ရောက်ခဲ့ပါသည်။ (Soe PTN-osc)

## ပုသိမ် သာသနာ စိန့်ဂျွန်းကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်မည့်သတင်း

မြန်မာနိုင်ငံ၏လက်ရှိပွင့်လင်းမြင်သာဖြစ်လာသည့်အခြေအနေပေါ်သုံးသပ်လျက် လွန်ခဲ့သည့် ၁၉၆၂ လောက်ကတည်းက တိန်မြုပ် ခဲ့သည့် သာသနာကျောင်းများအား ပြန်လည်အသက်သွင်းရန်နှင့် အဓိပ္ပါယ်မသိအလွတ်ကျက်ပညာရေးစနစ်ဆိုးကြီး၏ ဝါးမြိုမှုဒဏ်မှလွတ်မြောက်နိုင်ရန်၊ မြန်မာနိုင်ငံကက်သလစ်သာသနာသည် တတ်နိုင်သည့်ဘက်မှပါဝင်ကာ နိမ့်ကျလျက်ရှိသော ပညာရေးမှသည်မိမိကိုယ်တိုင်တွေးခေါ်သုံးသပ်ရပ်တည်နိုင်သည့်ပညာရေးအဖြစ်မြင့်တင်ရေးသို့ ဦးတည်လျက်လုပ်ဆောင်သွားရန် မြန်မာနိုင်ငံပုသိမ်ဂိုဏ်းအုပ် ဆရာတော် ဂျွန်မန်းဆိန်းဟို၏ တိုက်တွန်းလမ်းညွှန်မှုဖြင့် သာသနာပိုင်အထက်တန်းကျောင်းတစ်ကျောင်းကို သက်ဆိုင်ရာတာဝန်ရှိ ရဟန်းတော်များနှင့် ဦးတီသိန်းရွှေနှင့် ဒေါ်ကော်ရယ်စန်းစန်းလွင်တို့မှ ဦးစီးလျက်ပုသိမ်မြို့၊ အမှတ်(၃၇)၊ရက်ကွက်(၅)၊ မဟာစေတီလမ်းတွင် စိန့်ဂျွန်းကိုယ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်းကိုဆောက်လုပ်လျက်ရှိပါသည်။

ထိုကျောင်းအား ကူညီမိုင်းမရန်အလို့ငှါ ရဟန္တာအရှင် သူမြတ်စိန့်ဂျွန်းအားသတ်မှတ်ထားပါသည်။ ထိုကျောင်းကိုယခုလာမည့် ၂၀၁၆ ပညာသင်နှစ်မှအစပြုကာပဥ္စမတန်း၊ ဆဌမတန်း၊ သတ္တမတန်းတို့ကိုလက်ခံကာ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ပါသည်။

ထိုကျောင်း၏ဦးတည်ချက်မှာ"**အရည်အသွေးပြည့် ပညာရေးသို့**"ဖြစ်ပြီး လုပ်ဆောင်ချက်မှာ"**ဘက်စုံပညာရေးနှင့် လေ့ကျင့် ပျိုးထောင်ရေး ပန်းကျင်ဖန်တီးရန်**"ဖြစ်ပါသည်။ ထိုကျောင်းတွင် ဘာသာမရွေး၊ လူမျိုးမရွေးလက်ခံမည်ဖြစ်ကြောင်းနှင့်ဆင်းရဲနွမ်းပါးမှုကြောင့်ပညာရေးကို ဦးစားမပေးနိုင်သည့် အရည်အချင်းရှိသော ကက်သလစ် ဘာသာဝင်များအတွက်ပါ ထည့်သွင်းစဉ်းစားထားကြောင်း သက်ဆိုင်ရာမှ သတ်မှတ်ထားပါသည်။ ကျောင်းဆောက်လုပ်မှုအတွက် ပြည်ပမှ အကူအညီဖြင့်ဆောက်လုပ်ခဲ့ရာတွင်အခက်အခက်များစွာရှိခဲ့ပြီး၊ကျောင်းတွင်း




လိုအပ်ပစ္စည်းများမှာလည်းကိုယ်ထူကိုယ်ထပုံစံပြုခဲ့ပြီး၊ကျောင်းတွင်းလိုအပ်ပစ္စည်းများမှာလည်း ကိုယ်ထူကိုယ်ထ ပုံစံပြုလုပ်ရသည့်အတွက် အခက်အခဲများစွာ ရင်ဆိုင်ကျော်ဖြတ်လျက်ရှိပါသည်။ မည့်သို့ပင်အခက်အခဲများနှင့်ကြုံရပါစေနိမ့်ချလျက်ရှိသောပညာရေးကိုမြှင့်တင်ရန်လုပ်ဆောင်လျက် ယခင်သာသနာပြုများ လုပ်ဆောင်အစပြုခဲ့သည့်ပညာအမွေအနှစ်များကို ပြန်လည်ဖော် ထုတ်ရင်း လုပ်ဆောင်မည်ဖြစ်ပါသည်။

ကျောင်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များမှာအစိုးရကျောင်းသင်ရိုးညွှန်းများအပြင်၊ English 4 skills and Computer Basicကိုလည်းထည့်သွင်းသင်ကြားပေးမည်ဖြစ်ပါသည်။ဘာသာရပ်အားလုံးအား(အပြင်ကျူရှင်လွတ်)ကိုယ်ပိုင်ဆုံးဖြတ်သုံးသပ်တွေးခေါ်မှတ်သားတတ်သည့်အရည်အချင်းရှိသည့်အနာဂတ်သာသနာ၊ တိုင်းပြည်၊ လူမျိုးအားလုံးတွက် အားထားရသည့်ကျောင်းသား၊ သူများ နိုင်ငံတကာအဆင့်မှီ ပညာရေးဖြစ်နိုင်သည့်အထိ သင်ကြားပေးသွားမည်ဖြစ်ပါသည်။ လိုအပ်ပါကကျောင်းတွင် အချိန်ပိုသင်ကြား ပေးသွားမည်ဖြစ်ပါကြောင်းသတင်းရရှိပါသည်။

**(Sr. Cecilia)**

## ကျိုင်းတုံ သာသနာ မီးဘေးသင့်ပြည်သူများအားကူညီထောက်ပံ့ခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ အင်လုံကျေးရွာတွင် မတ်လ ၁၂ ရက်နေ့က လောင်ကျွမ်းခဲ့သောမီးဘေးသင့်တိုင်းရင်းသားများအတွက် မတ်(၁၈)ရက်နံနက်၌ ဝေဠုကျော်ဖောင်ဒေးရှင်းမှ မီးဘေးသင့်ပြည်သူများအား တစ်အိမ်ထောင်လျှင် (၁)သိန်းကျပ်နှုန်းဖြင့် အိမ်ထောင်စု(၅၆)စုအတွက် ငွေသား(၅၆)သိန်းကိုလည်းကောင်း၊ မီးဘေးသင့် ပြည်သူများသို့ လုပ်အားဖြင့်ကူညီ ပေးသော တပ်မတော်သားများအတွက် ငွေသား(၅)သိန်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသော ကျန်းမာရေး ဝန်ထမ်းများအတွက်ငွေသား(၅)သိန်း၊ စုစုပေါင်းငွေသားတန်ဖိုး(၆၆)သိန်းလှူဒါန်းသွားကြောင်းသိရှိရသည်။ အဆိုပါကျေးရွာသည် အင်န်တိုင်းရင်းသားများနေထိုင်သောကျေးရွာဖြစ်သည်။ (မြို့နယ်၊ပြန်/ဆက်)

ပုသိမ် သာသနာ

## မြန်မာနိုင်ငံလုံးဆိုင် ဓမ္မဆရာ/မများ၏ သင်တန်းဆင်းပွဲ

ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် မြောင်းမြသာသနာတွင် ၂၀၁၄-၁၆ ပညာသင်နှစ် အပတ်စဉ် (၄၀) မြန်မာနိုင်ငံလုံးဆိုင်ရာဓမ္မဆရာ၊ မများ၏ သင်တန်းဆင်းပွဲကို ၁၆၊၃၊၂၀၁၆နေ့တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ ထိုသင်တန်းဆင်းပွဲ၏ အကြိုညနေ (၇)နာရီ တွင် ဆရာ/မများမှ ဂုဏ်ပြု သီဆို နှုတ်ဆက်ကြပြီး ထိုအခမ်းအနားတွင် ကျောင်းထိုင် ဘုန်းတော်ကြီးအဲလ်ဘက်မှ ဆရာ/မများ၏ ၂၀၁၄-၁၆ ပညာသင်နှစ်၏ အကောင်းဆုံးဆု၊ စံပြဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ပထမဆုကို မြောင်းမြ သာသနာမှ ဆရာမနိုအယ်လင်း ဖောင်လန်းအိုင်မှရရှိပြီး၊ ဒုတိယဆုကို မြစ်ကြီးနား သာသနာမှဆရာမစီစီလျားဆိုင်းမိုင်၊ တတိယဆုကို ကလေးသာသနာမှ ဆရာမကြည်ကြည်မြင့် တို့အသီးသီး ရရှိကြပါသည်။

စံပြဆုကို မြစ်ကြီးနားသာသနာမှ ဆရာဂျိုးဇက် ဇော်မြတ်မှ ရရှိပါသည်။ ၂၀၁၄-၂၀၁၆ ပညာသင်နှစ်တွင် ဆရာ/မပေါင်း (၄၅)ယောက် ရှိပါသည်။ ဆက်လက်၍(၁၆) ရက်နေ့ နံနက်(၆)နာရီတွင် ရဟန်းတော်(၁၀)ပါးနှင့် ဘာသာဝင်များက မစ္ဆားတရားပူဇော်ကြပြီး ဆရာ/မများ၏ သင်တန်းဆင်းလက်မှတ်ကို အဖဆရာတော် ဘုရားကိုယ်စား မြောင်းမြဖုံနယ်အုပ်ဘုန်းတော်ကြီးရေမွန်ထွန်းကြည်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

သင်တန်း ဆင်းလက်မှတ်ကို ရရှိသော ဆရာ/မများ စုစုပေါင်း (၁၅) ယောက်ရှိပါသည်။ မစ္ဆားတရားအပြီးတွင် ရဟန်းတော်များ နှင့် သီလရှင်များ၊ ကိုရင်များ၊ သင်တန်းဆင်းဆရာ/မများ အတူမှတ်တမ်းတင် ဓါတ်ပုံရိုက်ကြပြီး သင်တန်းကျောင်းမိသားစုမှ ဘာသာဝင်များအား ကျွေးမွေးဧည့်ခံခဲ့ပါသည်။ **Soe. Pathein OSC**

ဖယ်ခုံ သာသနာ

## ထိရောက်သောဆက်သွယ်ဆက်ဆံရေးသင်တန်း

ဖယ်ခုံကက်သလစ်ဂိုဏ်းအုပ်သာသနာကုန်းသာတိုက်နယ်ဗဟိုတွင် Pekhon OSC မှဦးဆောင်ပြီး Effective Communication Course (ထိရောက်သောဆက်သွယ်ဆက်ဆံရေးသင်တန်း) ကို ၁၅-၁၈၊ ၃ ၊ ၂၀၁၆ ရက်နေ့တို့တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် Pekhon OSC Director Fr.Thomas Chit Thar မှ သင်းတန်းလုပ်ရခြင်းရည်ရွယ်ချက်နှင့် ဒီနေ့ခေတ် လူငယ်များ ကြုံတွေ့ လာရသည့် လူထု ဆက်သွယ်ရေးစိန်ခေါ်မှုအကြောင်းကို ဝေမျှခဲ့ပါသည်။

ကုန်းသာတိုက်နယ်ကျောင်းထိုင်ဘုန်းတော်ကြီးTimothy Tin Mg မှလည်း ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား၊လူငယ်နှင့် ခေတ်ကာလ Technology အကြောင်းကိုဝေမျှသွားခဲ့ပါသည်။ ထိုနောက် သင်တန်းကာလကိုသင်တန်းမှူးဆရာစောရေမွန် က Listening Skill, Presentation Skill နှင့် Non-Violence Communication ဟူသောခေါင်းစဉ်ဖြင့် သုံးရက်တာသင်တန်းကာလကိုဝေမျှသွားခဲ့သည်။ ထိုသင်တန်းကို တိုက်နယ် အသီးသီးမှ လူငယ်ခေါင်းဆောင်(၃၂) ဦးတက်ရောက်ခဲ့ပါကြောင်းသတင်းရရှိခဲ့ပါသည်။ (PKN-osc)

မန္တလေး သာသနာ

## စိန်ဂျိုးဇက်(လဖုန်း)အုပ်စုမှ စိန်ဗင်းဆင်းဒီပေါလ်အသင်းသားများနှင့် ထောက်ပံ့ခံမိသားစုဝင်များစုပေါင်းဝတ်စောင့်ခြင်းသတင်း

၁၂-၃-၂၀၁၆ရက်နေ့ မန္တလေးဂိုဏ်းချုပ်သာသနာ၊ မန္တလေးမြို့တွင် နံနက်(၈း၀၀-၁၂း၀၀)ထိလမ်း(၈၀-၃၄၊၃၅)ကြားရှိစိန်ဂျိုးဇက် ဘုရားကျောင်း၌ စိန်ဗင်းဆင်းဒီပေါလ်မှ အသင်းသူအသင်းသားများနှင့် ထောက်ပံ့ခံမိသားစုဝင်များစုပေါင်းကာနေ့ဝက်ဝတ်စောင့်ခြင်းကို ပြုလုပ်ခဲ့ကြ သည်ဟုသိရှိရပါသည်။

ဝတ်စောင့်ပွဲကိုမစ္ဆားတရားတော်မြတ်နှင့်စတင်ခဲ့ပါသည်။ Fr.ဂျွန်စိုးတင့်မှ ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းနှင့် ပတ်သက်မှုကို ဝေမျှခဲ့ ပါသည်။ အသက်ရှင်သောယုံကြည်ခြင်းဖြစ်ရန် အရေးကြီးကြောင်း၊ယုံကြည်ခြင်းရှိသူသည် ဘုရားနှင့်အတူနေခြင်းကို သိကြောင်းနှင့် ယုံကြည် ခြင်း၏ အရေးကြီးပုံကို ရှင်းလင်းမျှဝေခဲ့ပါသည်ဟုသိရှိရပါသည်။

အဲဒီနောက် Fr.HenryBrang Mai မှ သားငယ်နောင်တရခြင်းကိုဖခင်မှခွင့်လွှတ်ပြီးသကဲ့သို့ ကျွန်ုပ်တို့ အပြစ်ပြုခြင်းမှ နောင်တယူ သောအခါ၊ အာပတ်ဖြေခြင်းဖြင့် ဘုရားထံမှ ခွင့်လွှတ်ခြင်းကိုတောင်းခံသည့်အခါဘုရားသခင်သည် ကျွန်ုပ်တို့ကိုနားလည် ခွင့်လွှတ်ခြင်းဖြင့် ကြီးမားသော ချစ်ခြင်းမေတ္တာကိုပေးနေကြောင်းရှင်းလင်းမျှဝေခဲ့သည်ဟုသိရှိခဲ့ရပါသည်။

စိန်ဗင်းဆင်းဒီပေါလ်အသင်းဥက္ကဌဒေါ်ဂျာစင်းတာမှ ဝတ်စောင့်ပွဲလုပ်ဆောင် ဖြစ်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ "ဒီရပ်ကွက်မှာ ရှိတဲ့ ဘာသာ တူတွေဝါတွင်းကာလမှာ ဝိညာဉ်ခွန်အားရရှိစေရန်၊ တစ်နှစ်တာဘုရားနှင့်ထိတွေ့ပေါင်းစပ်မှုမှာပိုမိုပေါင်းစပ်နိုင်စေရန်၊ လုပ်ဆောင်မည့် လုပ်ငန်း များ တိုးတက်အောင်မြင်စေဖို့ရန်အတွက် ရည်ရွယ်ပြီးပြုလုပ် ခဲ့တာဖြစ်ပါတယ်"ဟု စိန်ဂျိုးဇက်လဖုန်းအုပ်စုရှိ စိန်ဗင်းဆင်းဒီပေါလ် အသင်း ဥက္ကဌ ဒေါ်ဂျက်ဆင်တာထံမှ သိရှိခဲ့ရပါသည်။

စိန်ဗင်းဆင်းဒီပေါလ်အသင်းအနေဖြင့် ယခုလိုဝတ်စောင့်ပွဲကိုတစ်နှစ်လျှင်တစ်ကြိမ်ပြုလုပ်ပေးလေ့ရှိသည်ဟုလည်း သိရှိခဲ့ရပါသည်။

**ပင်ကီ( MDY OSC) 14.3.2016**




## ဘားအံ သာသနာ — သာသနာလုံးဆိုင်ရာ ကက်သလစ်လူငယ် မီဒီယာအမြင်ဖွင့် သင်တန်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘုရင်ဂျီကုန်းကျေးရွာ၊ စိန်ဂျိုးဇက်ကက်သလစ် ဘုရားရှိခိုးကျောင်း ခန်းမဆောင်တွင် မတ်လ(၇) ရက်နေ့မှ (၉) ရက်နေ့အထိ ဖားအံသာသနာလုံး ဆိုင်ရာ ကက်သလစ်လူငယ် မီဒီယာအမြင်ဖွင့် သင်တန်းကို ပြုလုပ်ခဲ့သည်။

သင်တန်းတက်ရောက်သူ(၈၀) ကျော်ခန့် ရှိပြီး ယနေ့ခေတ် လူငယ်များ၏ကောင်းကျိုးဆိုးကျိုးများကိုအမြင်ဖွင့်ပေးခြင်းဖြစ်သည်။ အမြင်ဖွင့်သင်တန်း ပထမရက်နံနက်ပိုင်း တွင် ဖားအံကက်သလစ် ဂိုဏ်းအုပ်ဆရာတော်ဂျက်စတင်း(ခ)စောမင်းသိုက်မှ အဖွင့်အမှာ စကား ပြောကြားရာတွင် "လူငယ်တွေဟာ အနာဂတ်ရဲ့ ခေါင်းဆောင်၊ အနာဂတ်ကို လူငယ်တွေဘဲဆုံးဖြတ်ရမယ်၊ လူငယ်တွေရဲ့ ကံကြမ္မာဟာလူငယ်တွေဘဲရှာရမယ်၊ လူငယ်တွေရဲ့အရေးကို လူငယ်တွေ ကဘဲတွေးရမယ်၊ ဘာကြောင့်လဲဆိုရင် ခေတ်ပြောင်းလဲနေပြီး၊ ဒီခေတ်ကိုလူငယ်တွေကဘဲ ပြုပြင်ရမယ်၊ ပျော်ရွှင်တဲ့ ဘဝကို မေတ္တာနဲ့ တည်ဆောက်ရမယ်၊ ဘာသာပေါင်းစုံနှင့် ပူးပေါင်း ရင်း ငြိမ်းချမ်းရေးလုပ်ရမယ်၊ ကက်သလစ်လူငယ်တွေဘာသာ ပေါင်းစုံရဲ့အရေး၊ တိုင်းပြည်ရဲ့အရေးတွေမှာပူပေါင်း ပါဝင်ဖို့လိုတယ်၊ ဒါကိုဘာသာရေး ခေါင်းဆောင်တွေက ဦးဆောင်လမ်းပြရပါမယ်။ လူငယ်တွေ အတတ်ပညာကို သင်ယူသလို၊ အချစ် ပညာ၊ အကျင့် စာရိတ္တကိုလည်းကောင်းအောင်သင်ယူရပါမယ်။ ကက်သလစ် လူငယ်ဆိုတာ ဘာသာဝင်တွေအတွက်ဘဲအသက်ရှင်ရတာ မဟုတ် ပါဘူး၊ တစ်ကမ္ဘာလုံးအတွက်မေတ္တာနှင့်အသက်ရှင်ရပါမယ်။ ကွဲပြား တယ်ဆိုတာ ခွဲခြားလို့ပါ၊ အားလုံးဟာ ဘုရားသားသမီးတွေ ဖြစ်တယ် ဆိုတာသိရင် မခွဲခြား၊ မကွဲပြားတော့ပါဘူး၊ ဒီလို လူငယ် တွေ စုံတာဟာ ဘုရားသခင်ရဲ့အကြံအစီတစ်ခုပါ။ ကိုယ့်ရပ်ရွာမှာ ခေါင်းဆောင်တွေဖြစ်ရမယ်။ အိမ်ပြန်ရောက်ရင် ပြောင်းလဲပြီး အမြော်အမြင်ရှိရှိ၊ အရည် အချင်းရှိတဲ့ လူငယ်ခေါင်းဆောင်များ ဖြစ်စို့ ကြိုးစားကြပါ" ဟု အမှာစကားပြောကြားသွားခဲ့ပါတယ်။

သင်တန်းအတွက် သင်တန်းပို့ချပေးသူ ရဟန်းတော်(၇)ပါး ပါဝင်ပြီး၊ NCYC လူငယ်ဥက္ကဋ္ဌ Peter လထွဲယ်၊ ဒုဥက္ကဋ္ဌမလင်းလဲ့သူ မရှင်ကဗျာထွေး၊ မအိမွန်မြင့်နှင့် စောဖေဒါ တို့ဦးဆောင်ကာ ကူညီ ပေးခဲ့ ပါသည်။

သင်တန်းပို့ချရာမှာ Fr. Edward စောအေးမင်းထွန်းမှ ယနေ့ ခေတ်မီဒီယာ၏ ကောင်းကျိုးဆိုးကျိုး၊ Fr.Joseph အက်တစ့်မှ မြန်မာနိုင်ငံခရစ်ယာန်သမိုင်းအကြောင်း၊ Fr.Stanislaus စောမင်းကို မှ လူငယ်နှင့်မီဒီယာအကြောင်း၊ Fr. William စောလှမြင့်ဦးမှ သမ္မာကျမ်းစာကိုလေ့လာခြင်းအကြောင်း၊Fr.Benedict စောဌေးလွင် မှ မီဒီယာနှင့်ပညာရေး၊ မီဒီယာနှင့်ကိုယ်ကျင့်တရားမီဒီယာနှင့် အသင်းတော်အကြောင်း၊ Fr. Hubert စောမျိုးသန့်ဦးမှ မီဒီယာနှင့် မိသားစု အကြောင်း၊ Fr.စောနေကော်ထူးမှ လူငယ်နှင့်အင်တာနက် သုံးစွဲခြင်းဆိုင်သော မေးခွန်းများ ဖြေဆိုခြင်း၊ လူထုသတင်းစာ ပညာရေး နည်း အကြောင်း အသီးသီး ပို့ချကြ ပါသည်။

သင်တန်းပြီးဆုံးသောအခါသိမ်ဆိပ်ခရစ္စတူးကားတိုင်တော် တောင်တက်ပွဲကို လူငယ်များအားလုံးပါဝင်ကာ ကူညီလုပ်အားပေး ခဲ့ကြပါသည်။

"ဒီမီဒီယာအမြင်ဖွင့်သင်တန်းကို တက်ရတာ အရမ်းပျော် ပါတယ်၊ NCYC လူငယ်ဥက္ကဋ္ဌတွေ ကိုယ်တိုင်လာပြီး ဦးဆောင် ပေးတယ် ဆိုတော့ လူငယ်တွေ ပိုပြီးကြိုက်တယ်၊ ဘာဖြစ်လို့လည်း ဆိုရင် သူတို့တွေနှင့်သိရတယ်၊ ရင်းနှီးရတယ်၊ အရင်ကဆို NCYCက ဥက္ကဋ္ဌနဲ့ တောင်မသိရဘူး၊ နောက်နှစ်တွေများလည်း သင်တန်းရှိရင် ဖိတ်ခေါ်ပြီး သူတို့ကို ပါဝင်စေချင်ပါတယ်၊ သူတို့သင်ပေးလိုက်တဲ့ Action Song တွေကိုလည်းသဘောကျတယ်" လို့သိမ်ဆိပ်လူငယ် ဥက္ကဋ္ဌ ဟောင်း ဆရာမဖောဆာမှ ပြောကြားသွားခဲ့ပါသည်။

ဤမီဒီယာဆက်သွယ်ရေးသင်တန်းကိုအောင်မြင်စေရန် အဖက်ဖက်မှကူညီပေးခဲ့ကြသောသူများ အထူးသဖြင့် သင်တန်း ပို့ချပေးသောရဟန်းတော်များ၊ နိုင်ငံလုံးဆိုင်ရာ လူငယ် ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌများ၊ ရုံးစာရေးများ၊ ချက်ပြုတ် ကျွေးမွေးပေးသော သိမ်ဆိပ် မှ မိဘများအားလုံး အထူး ကျေးဇူးတင်ကြောင်း သတင်းရရှိပါသည်။

(Fr. Nay Kaw Htoo Hpaan-osc)

## ကလေးသာသနာ — ကလေးသာသနာတွင် ဝိညာဉ်ရေးဆိုင်ရာရက်တိုသင်တန်းများဖွင့်လှစ်ခြင်း

ကလေးသာသနာပိုင် တမူးစီရင်စုအတွင်းရှိကလေးသူငယ်များအား ဘုရားစကားသင်ကြားပေးနိုင်ရန်အတွက် ဆက်ကပ် လူငယ်များ ကို(၂၂-၂၆) ရက် ဖေဖော်ဝါရီလ ၂၀၁၆ ရက်နေ့အထိ ရက်တိုဘုရားစကားသင်တန်းကို တမူးမြို့ပေါ်ရှိ စိန်ပီတာ ဘုရားရှိခိုးကျောင်း အတွင်း၌ ဖွင့်လှစ်ခဲ့ကြောင်း စတင်းဖင်းခိုင် ထံမှသိရှိရပါသည်။

ထို့နောက် ကလေးသာသနာ တာဟန်းစိန်ထရေဇာ့စီရင်စု ကျောင်းထိုင် John Deng Cin Khup ၏ဦးဆောင်လမ်းညွှန်မှုဖြင့် မိခင်၊ ဖခင်များ ပူးပေါင်းဝတ်စောင့်ပွဲကို မတ်လ (၁၁-၁၃)ရက်နေ့အထိ လေးရက် ကျင်းပခဲ့ပါသည်။ ဝတ်စောင့်ပွဲသို့ မိခင်(၅)ဦးနှင့် ဖခင် (၃၁)ဦး တက်ရောက်ခဲ့ကြသည်။

ကျောင်းထိုင်ဘုန်းတော်ကြီး John Deng Cin Khup ဝတ်ပြုကိုးကွယ်ခြင်းအကြောင်း၊ သီလရှင်များမှ မိခင်ဖခင်ကောင်း၏ တန်ဖိုးအကြောင်း၊ ဓမ္မဆရာ Benedict Thang က ဆယ်ဖို့တစ်ဖို့နှင့် ပေးကမ်းစွန့်ကြဲခြင်းအကြောင်း၊ဓမ္မဆရာ Nicholas Ngun Khual မှ စက္ကရာမင်းတူးနှင့် ဝါတွင်းအကြောင်းစသဖြင့်အသီးသီးပို့ချပေးခဲ့ကြသည်။ တာဟန်းစိန်ထရေဇာ့ စီရင်စုအတွင်းရှိ မိခင်များမှိခိုအားကိုးရန် St. Monica ကိုလည်းကောင်း၊ မိခင်များမှီခိုအားကိုးရန် St. Joseph တို့ကိုလည်းကောင်းရွေးချယ်ခဲ့ကြသည်။ သင်တန်းအတွင်းမှ သင်ကြားပေးသည့် ဘာသာရပ်များမှ စိတ်ပိုင်းဆိုင်ရာ ဝိညာဉ်ရေး၊ ရုပ်ပိုင်းဆိုင်ရာ ကာယရေး၊ လူမှုရေးတိုးတက်မှုများ ရရှိခံစားကြသဖြင့် သင်တန်းပို့ချပေးသော ဘုန်းတော်ကြီး၊သီလရှင်၊ ဓမ္မဆရာများတို့ကို ကျေးဇူးတင်ကြောင်း ဂျိုးဇက်ပေါင်မှတဆင့် သတင်းရရှိပါသည်။

(KL-osc)

# မြန်မာနိုင်ငံ သမ္မတများ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သော ၁၉၄၈ ခုနှစ်ကတည်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ၃ ခုအောက်တွင် ၆၈ နှစ်ကြာ ကာလ အတွင်း သမ္မတ (၈) ယောက် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

## ၁။ သမ္မတ စဝ်ရွှေသိုက် (၁၈၉၄-၁၉၆၂)



စဝ်ရွှေသိုက်သည် ရှမ်းတိုင်းရင်းသားတဦးဖြစ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတ ဖြစ်ကာ ရှမ်းပြည်နယ် ညောင်ရွှေနယ်ကို အုပ်စိုးခဲ့သော နောက်ဆုံး စော်ဘွားဖြစ်သည်။မြန်မာနိုင်ငံ လွတ်လပ်ရေးရသော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ စ၍ ၁၉၅၂ ခုနှစ် မတ်လ ၁၂ ရက်နေ့အထိ စဝ်ရွှေသိုက်သည် ဝန်ကြီးချုပ်ဦးနု နှင့်အတူ နိုင်ငံတော်အကြီးအကဲ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သမ္မတ မဖြစ်ခင်က ဗြိတိသျှ စစ်တပ်တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ဦးနေဝင်းက စစ်တပ်မှ အာဏာသိမ်းခဲ့ချိန်တွင် စဝ်ရွှေသိုက် အဖမ်းခံခဲ့ရသည်။ နောက်ပိုင်း ထောင်ထဲ၌ သေဆုံးခဲ့သည်။

## ၂။ သမ္မတ ဒေါက်တာ ဘဦး (၁၈၈၇-၁၉၆၃)



ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဒုတိယ သမ္မတမှာ ဗမာ တိုင်းရင်းသားတစ်ဦးဖြစ်သော ဒေါက်တာ ဘဦး ဖြစ်သည်။ ကိန်းဘရစ် တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သော ဒေါက်တာဘဦးသည် သမ္မတ မဖြစ်မီက မြန်မာနိုင်ငံတရားရုံးချုပ်တွင် တရား သူကြီးချုပ်ဖြစ်သည်။၁၉၅၂ ခုနှစ် မတ်လတွင် သမ္မတဖြစ်လာ ခဲ့ပြီး ၁၉၅၇ ခုနှစ် မတ်လအထိ ၅ နှစ်တာ တာဝန်ထမ်းဆောင် ခဲ့ သည်။

## ၃။ သမ္မတ မန်းဝင်းမောင် (၁၉၁၆- ၁၉၈၉)



ကရင်လူမျိုး ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တတိယမြောက် သမ္မတမှာ မန်းဝင်းမောင် ဖြစ်ပါသည်။ ယခင် အစိုးရဝန်ကြီးဖြစ်သော မန်းဝင်းမောင်ကို ဝန်ကြီးချုပ် ဦးနုက ၁၉၅၇ ခုနှစ် မတ်လတွင် သမ္မတအဖြစ် ရွေးချယ်ခဲ့ပါသည်။ မန်းဝင်းမောင်သည် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းသည့် ၁၉၆၂ ခုနှစ် မတ်လအထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။အာဏာသိမ်း တော်လှန်ရေး ကောင်စီက သူ့ကို ထောင် ၅ နှစ်ချခဲ့သည်။

## ၄။ သမ္မတ ဗိုလ်ချုပ်ကြီး နေဝင်း (၁၉၁၀- ၂၀၀၂)



အမည်ရင်းမှာ ရှုမောင်ဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၅၈ ခုနှစ်တွင် အိမ်စောင့် အစိုးရအဖြစ် မြန်မာနိုင်ငံကို ယာယီ အုပ်ချုပ်ခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံးကို အာဏာသိမ်း ခဲ့ပြီး ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့အထိ နိုင်ငံတော် အကြီးအကဲအဖြစ် နှစ် ၂၀ နီးပါး အုပ်ချုပ်ခဲ့သည်။

မြန်မာ-တရုတ် မိသားစုမှ ဆင်းသက်လာသော စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းသည် ၁၉၆၂ ခုနှစ်တွင် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ (BSPP) ကို တည်ထောင်ခဲ့ကာ ၁၉၈၈ ခုနှစ်အထိ ဥက္ကဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အဆိုပါနှစ် ကျောင်းသားများ ဆန္ဒပြပွဲများဖြစ်ပွားနေသည့် ကာလအတွင်းတွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် တရားဝင်နိုင်ငံရေးပါတီအဖြစ် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ တစ်ခုတည်းသာ ရှိသည်။ စီးပွားရေးလုပ်ငန်းများကို "ပြည်သူပိုင်"သိမ်းရာတွင် နာမည်ကြီးပြီး နိုင်ငံခြားသားများအား မုန်းတီးသည့် ကာလတစ်ခုကို စတင်ခဲ့သူ ဖြစ်သည်။ဦးနေဝင်းက စစ်ဦးစီးချုပ်အဖြစ် စုစုပေါင်း ၂၆ နှစ်ကြာ ထမ်းဆောင် ခဲ့သူ ဖြစ်သည်။ နောက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နေအိမ် ၌ အကျယ်ချုပ်ကျခံနေစဉ်အတွင်း ကွယ်လွန်သွားခဲ့သည်။

## ၅။ သမ္မတ ဗိုလ်ချုပ်ကြီး စန်းယု (၁၉၁၈- ၁၉၉၆)



မြန်မာ တရုတ် မိသားစုမှ ဆင်းသက်လာသော ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စန်းယုသည် ပြည်ထောင်စု မြန်မာ နိုင်ငံ၏ ပဉ္စမမြောက် သမ္မတဖြစ်သည်။ ၁၉၈၁ခုနှစ် နိုဝင်ဘာလမှစ၍ ၁၉၈၈ ခုနှစ် ဇူလိုင်လ အထိ သမ္မတ တာဝန် ထမ်း ဆောင်ခဲ့သည်။ ဦးစန်းယုကို သမ္မတတာဝန် လွှဲပြောင်းပေးခဲ့သော်လည်း ဦးနေဝင်းက မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဌ အဖြစ်ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး စန်းယုသည် စစ်တပ်က ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်း ရေးဆွဲရာတွင် အဓိက အခန်း ကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။

## ၆။ သမ္မတ ဗိုလ်မှူးချုပ် စိန်လွင် (၁၉၂၃-၂၀၀၄)



ဗမာတိုင်းရင်းသားတစ်ဦးဖြစ်သော ဗိုလ်မှူးချုပ် စိန်လွင်သည် ဒီမိုကရေစီ အရေးအခင်းများ ဖြစ်ပွားသော ကာလအတွင်း ၁၇ ရက်သာ တာဝန်ထမ်းဆောင်ခဲ့ရသော ဆဋ္ဌမမြောက် သမ္မတဖြစ်သည်။ ၁၉၈၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့မှ ဩဂုတ်လ ၁၂ ရက်နေ့အထိ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အနီး၌ ဆန္ဒပြကျောင်းသားများကို ရက်စက်စွာ ပစ်ခတ်ရန် အမိန့်ပေးခဲ့ သည့်အတွက် "ရန်ကုန်မှ လူသတ်သမား"အဖြစ် နာမည်ကျော်ခဲ့သည်။သို့သော် ဗိုလ်မှူးချုပ် စိန်လွင် နုတ်ထွက် သည်တိုင်အောင် ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။

**အဆက် စာမျက်နှာ ( ၁၈)သို့**

## ၇။ သမ္မတ ဒေါက်တာ မောင်မောင် (၁၉၂၅- ၁၉၉၄)



သမိုင်းရေးဆရာအဖြစ် လူသိများသော ဒေါက် တာ မောင်မောင်သည် ပြည်ထောင်စု မြန်မာနိုင်ငံ တော်၏ သတ္တမမြောက် သမ္မတဖြစ်သည်။ နယ်သာလန်နိုင်ငံ Utrecht တက္ကသိုလ်နှင့် အမေရိကန် Yale တက္ကသိုလ်တွင် အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်ကို လေ့လာဆည်းပူးခဲ့ပြီး ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေး ကောင်စီ လက်ထက်တွင် တရားသူကြီးချုပ် အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ဒေါက်တာမောင်မောင်သည် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့က စ၍ ဗိုလ်ချုပ်ကြီး စောမောင် ဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းယူခဲ့သည့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့အထိ တစ်လကြာ သမ္မတ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တိုင်အောင် မြန်မာနိုင်ငံတွင် သမ္မတ မရှိခဲ့ပါ။

## ၈။ သမ္မတ ဦးသိန်းစိန် ( ၁၉၄၅- )



၂၀၁၁ ခုနှစ် မတ်လတွင် ပြည်ထောင် စုလွှတ်တော်မှ ရွေးကောက်တင်မြောက်ခဲ့သော ဗိုလ်ချုပ်ကြီး ဘဝ မှ နိုင်ငံရေးသမားအဖြစ် ပြောင်းလဲခဲ့သူ ဦးသိန်းစိန်က မြန်မာနိုင်ငံ၏ အဋ္ဌမမြောက် သမ္မတဖြစ်သည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို ဒေါ် အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက သပိတ်မှောက်၍ ဝင်ရောက် ယှဉ်ပြိုင်ခြင်း မပြုခဲ့ဘဲ အနောက်နိုင်ငံများကလည်း လွတ်လပ်ခြင်း မျှတခြင်း မရှိသည့် ရွေးကောက်ပွဲဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။

ဦးသိန်းစိန်က ယခင် စစ်အစိုးရလက်ထက်တွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ၂၀၁၀ခုနှစ်တွင် ဗိုလ်ချုပ်ကြီးရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့သော စစ်တပ်မှ အငြိမ်းစားယူခဲ့ပြီး ဦးသိန်းစိန်က စစ်တပ်မှ ကျောထောက်နောက်ခံပြုသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီကို ဦးဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ၎င်း၏ သမ္မတသက်တမ်းကုန်ဆုံးသည်။

## ၉။ သမ္မတဦးထင်ကျော် BBC Burmese15.3.2016 at 12:25pm

နှစ်ပေါင်း ၅၀ ကျော်ကာလာအတွင်း ပထမဆုံးအကြိမ် အရပ်သား စစ်စစ်တစ်ဦးကို မြန်မာနိုင်ငံ၏ သမ္မတအဖြစ် ပြည်ထောင်စု လွှတ်တော် က ရွေးချယ်တင်မြှောက်လိုက်ပါသည်။ သမ္မတ လောင်း ၃ ဦးအားမဲခွဲ ရွေးချယ် ရာတွင် ဦးထင်ကျော်က (၃၆၀) မဲ ရရှိပြီး မဲ ပေးခွင့်ရှိသူမှာ ၆၅၂ ၏ ထက်ဝက် ကျော် ရရှိသည့်အတွက် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း အလုပ်အမှု ဆောင် အဖွဲ့ဝင် ဦးထင်ကျော် သမ္မတ ဖြစ်လာ ပါသည်။



**သမ္မတအဖြစ် ဦးထင်ကျော်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ**

ကွမ်းခြံကုန်းမြို့ ဇာတိဖွား ဂန္ထဝင်စာရေးဆရာကြီးမင်းသုဝဏ်(၁၉၉၀ ရွေးကောက်ပွဲတွင် NLD ရွေးကောက်ခံကိုယ်စားလှယ်၊ ကမာရွတ်မြို့ နယ်) နှင့် ဒေါ်ကြည်ကြည်တို့၏ ဒုတိယမြောက် သားဖြစ်သည်။

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးလွင်၏ သမက် ဖြစ်သည်။
- "ဒလဘန်း"အမည်ဖြင့် သူ၏ဖခင် စာရေးဆရာမင်း သုဝဏ် အကြောင်းရေး သည့် "အဘဘ၀၊အဘအကြောင်းတစေ့တစောင်း" စာအုပ်မှာ ဦးထင်ကျော်၏ ထင်ရှားသည့် လက်ရာဖြစ်သည်။
- ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် မွေးဖွားခဲ့သည်။
- ၁၉၆၂ အထက(၁) ဒဂုံ (မက်သဒစ်ကျောင်း) မှ အခြေခံပညာအထက်တန်း အောင်မြင်သည်။
- ၁၉၆၂-၆၃ ရန်ကုန်တက္ကသိုလ် မှ ဥပစာဂိုဏ္ဍ (က) အောင်မြင်သည်။
- ၁၉၆၃-၆၈ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စာရင်းအင်းပညာမဟာ ဘွဲ့ M.Econ (Statistics) Part- 2 တက်ရောက်နေစဉ်တက္ကသိုလ်နည်းပြ အဖြစ် အလုပ်ဝင်လိုက်သည်။
- ၁၉၇၀ Universities' Computer Centre သို့ Programmer/ Analyst ရာထူးဖြင့် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သည်။
- ၁၉၇၁-၇၂ Institute of Computer Science,University of London ၌ ပညာသင်ယူသည်။
- ၁၉၇၃ ဒေါ်စုစုလွင် (ဥက္ကဋ္ဌ-နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်) နှင့် လက်ထပ်ခဲ့သည်။
- ၁၉၇၄ Asia Electronics Union,Tokyoတွင်ကွန်ပျူတာ ပညာလေ့လာ ဆည်းပူးသည်။
- ၁၉၇၄-၇၅ M.Sc Computer Science (RASU)
- ၁၉၇၅-၁၉၈၀ ဌာနခွဲမှူး၊အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနတွင်တာဝန်ထမ်းဆောင်သည်။
- ၁၉၈၀-၁၉၉၂ ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန(FERD)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
- ၁၉၈၇ Arthur D.Little, School of Management, Cambridge, Massachusetts တွင် ပညာသင်ယူ၊
- ၁၉၉၂ ဒုတိယညွှန်ကြားရေးမှူးရာထူးမှ မိမိဆန္ဒအလျောက် နုတ်ထွက် ခဲ့သည်။
- ၂၀၁၂ -ယနေ့ထိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတွင် Executive Committee Member (အလုပ်အမှုဆောင်အဖွဲ့ဝင်) အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။
- ၂၀၁၆ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ပြည်တော်စုသမ္မတ မြန်မာနိုင်ငံ၏ ကိုးဦးမြောက် သမ္မတဖြစ်လာ ပါသည်။

**သိသင့်သိထိုက်သော မြန်မာနိုင်ငံ၏သမ္မတများ အကြောင်းကို (မယုံရင်ပုံပြင်မှတ်March 15 at 2:11pm FB) စာမျက်နှာမှ ရယူကာ ပြန်လည် တင်ဆက်ခြင်းဖြစ်ပါသည်။**





**မြန်မာနိုင်ငံအစိုးရသစ်ဖွဲ့စည်းပုံ၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံထားရသူက တင်သွင်းသော ပြည်ထောင်စုဝန်ကြီး ၁၈ ဦး စာရင်းနှင့် နယ်ပယ်အသီးသီးမှ ပါဝင်နေမှု အချိုးအစားများကို စာဖတ်ပရိသတ်များ သိသာထင်ရှားစွာ ကြည့်ရှုနိုင်ရန် တင်ဆက်ပေးထားပါသည်။**

| စဉ် | ဝန်ကြီးအမည် | ဝန်ကြီးဌာန |
|---|---|---|
| ၁ | ဒေါ်အောင်ဆန်းစုကြည် | နိုင်ငံခြားရေး |
| ၂ | | လျှပ်စစ်နှင့် စွမ်းအင် |
| ၃ | | ပညာရေး |
| ၄ | | သမ္မတရုံး |
| ၅ | ဒေါက်တာ အောင်သူ | စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း |
| ၆ | ဦးသန့်ဇင်မောင် | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး |
| ၇ | သူရ ဦးအောင်ကို | ယဉ်ကျေးမှုနှင့် သာသနာရေး |
| ၈ | ဦးအုန်းဝင်း | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး |
| ၉ | ဦးသိန်းဆွေ | အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား |
| ၁၀ | ဦးကျော်ဝင်း | စီမံကိန်းနှင့် ဘဏ္ဍာရေး |
| ၁၁ | ဦးခင်မောင်ချို | စက်မှု |
| ၁၂ | ဒေါက်တာ မြင့်ထွေး | ကျန်းမာရေး |
| ၁၃ | ဦးဝင်းခိုင် | ဆောက်လုပ်ရေး |
| ၁၄ | ဒေါက်တာ ဝင်းမြတ်အေး | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး |
| ၁၅ | ဦးအုန်းမောင် | ဟိုတယ်နှင့် ခရီးသွားလာရေး ဝ |
| ၁၆ | ဒေါက်တာ သန်းမြင့် | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး |
| ၁၇ | ဒေါက်တာ ဖေမြင့် | ပြန်ကြားရေး |
| ၁၈ | နိုင်သက်လွင် | တိုင်းရင်းသားရေးရာ |
| ၁၉ | ဒု ဗိုလ်ချုပ်ကြီး စိန်ဝင်း | ကာကွယ်ရေး |
| ၂၀ | ဒု ဗိုလ်ချုပ်ကြီး ကျော်ဆွေ | ပြည်ထဲရေး |
| ၂၁ | ဒု ဗိုလ်ချုပ်ကြီး ရဲအောင် | နယ်စပ်ရေးရာ |




**ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ သတင်းလွှာထုတ်ဝေခြင်း၏ ရည်ရွယ်ချက်များ**

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောက်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်း များ ကို အချိန်မှီ ပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံ CBCMကော်မရှင်အသီးသီး၊ သာသနာအသီးသီး၊ သူတော်စင် ဂိုဏ်းအသီးသီး တို့သည် နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ (တစ်လ တွင်နှစ်ခါ) အထူးသဖြင့်online ဖြင့်ပေးပို့ရန်၊
- အာရှသမ္မာတရား လေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက် အကူဖြစ်စေရန်၊

**သင်၏လက်ကိုင်ဖုန်းထဲသို့(RVA)အာရှသမ္မာတရားလေးလှိုင်းအသံများကို Mobile ဖြင့် (၂၄)နာရီနားဆင်နိုင်ပါပြီ**




**http://myanmar.rveritas-asia.org/ အချိန်အခါမရွေး၊ နေရာမရွေး RVA - Mobile - သုံးကြစို့**









# ပြည်တော်စုသမ္မတ
# မြန်မာနိုင်ငံတော်၏

သမ္မတဦးထင်ကျော်၊ ဒု သမ္မတများဖြစ်ကြသောဦးမြင့်ဆွေ နှင့် ဦးဟင်နရီဗန်ထီးယူ တို့အား
မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ဝမ်းမြောက်ဂုဏ်ယူစွာဖြင့်ကြိုဆိုပါသည်။



နိုင်ငံတော်တည်ဆောက်ရာတွင်... စာ(၄)


မြဝတီဆရာတော်...စာ(၁၁)


ဘားအံသာသနာလုံးဆိုင်ရာ..စာ(၁၂)


ရှားခဲသာသနာသို့...စာ(၁၄)


နိုင်ငံတော်တည်ဆောက်ရာတွင်...စာ(၄)

မီးဘေးသင့်ပြည်သူများ..စာ(၁၄)


မြန်မာနိုင်ငံလုံးဆိုင်ရာ ဓမ္မဆရာ..စာ(၁၃)


ထိရောက်သောဆက်သွယ်ရေး..စာ(၁၅)


ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)

ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ လူထုဆက်သွယ်ရေးရုံး·

CBCM-Herald
